


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၈-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌
ဟောကြားဆုံးမတော်မူသော

# အရေးကြီးတာက သစ္စာသိဖို့

(၂၉၆)

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

၈-၇-၆၂ ရက်နေ့ (နံနက်)
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း
ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# အရေးကြီးတာက သစ္စာသိဖို့

## သစ္စာသိဖို့အရေးကြီးတယ်

ဒကာ၊ ဒကာမတို့၏ အရေးအကြီးဆုံးအချက်က ဘယ်ဟာပါလိမ့်မလဲလို့ ခင်ဗျားတို့ အကဲခတ်ဖို့ လိုပါတယ်။ အရေးကြီးဆုံးအချက်က ဘယ်ဟာတုန်းဆိုတာ အကဲခတ်ဖို့ လိုပါတယ်။ အရေးအကြီးဆုံး အချက်က အားလုံးမှတ်စရာက သစ္စာသိဖို့ အရေးကြီး

ပါတယ်။ အရေးကြီးဆုံးအချက်က ဘာပါလိမ့် ... (သစ္စာသိဖို့ပါဘုရား) သစ္စာသိဖို့ အရေးကြီးတယ်ဆိုတာ ဒကာ၊ ဒကာမတွေ အကုန်မှတ်ပါ။

သစ္စာမသိသေးလို့ရှိရင် ဘုရားကလည်း ဘုရားမဖြစ်နိုင်ဘူး။ သောတာပန်ကလည်း သောတာပန်မတည်နိုင်။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလည်း မတည်နိုင်ဆိုတော့ နိဗ္ဗာန်မျက်မှောက်မပြုနိုင်ဘူးဆိုတာ အားလုံး ဒကာ၊ ဒကာမတွေ မှတ်ရမယ် ... (မှန်ပါ့ဘုရား)။

သစ္စာမသိသေးသရွေ့ ကာလပတ်လုံး လိုရင်းဘာမှ မပါဘူးလို့ ဆုံးဖြတ်ချက်ချ ... (မှန်ပါ့)။ ဦးမြကြီး ဘယ်လို မှတ်မယ် ... (ဩဝါဒအတိုင်းပါဘုရား)။

သစ္စာမသိသေးသရွေ့ ကာလပတ်လုံး လိုရင်းဘာမှ မပါသေးဘူးဆိုတာ သေသေချာချာမှတ် ... (မှန်ပါ့)။ သစ္စာမသိသေးရင် ... (လိုရင်းဘာမှမပါသေးပါ)။ လိုရင်းမပါသေးဘူးဆိုတာ ဆုံးဖြတ်ချက်ချကြပါလို့ ကောင်းစွာပဲ တိုက်တွန်းလိုက်တယ်။

## ဇာတိ ... ဘာသစ္စာ

ဆရာသမားရောက်လာတဲ့အခါမှာ ဘာဖြစ်လို့လဲလို့ မေးလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း ဒီပဋိစ္စသမုပ္ပါဒ်မှာ ပြပါတယ်။ ဇာတိဟာ ဘာပါလိမ့်မလဲလို့ ဒကာ၊ ဒကာမတွေ မေးလို့ရှိရင် ဘာသစ္စာခေါ်ကြမလဲ ... (ဒုက္ခသစ္စာပါဘုရား)။

ဒီမှာ ပြထားတယ် ... (မှန်ပါ့)။ ဒုက္ခသစ္စာလို့ ဇာတိကို ပြတယ်။ ဇာတိက ဒုက္ခသစ္စာလို့ ပြထားတော့ ဒီဒုက္ခသစ္စာမသိလို့ရှိရင်ဖြင့် ဒီဘုံဘဝလိုချင်တဲ့ ကံတွေဟာ ခင်ဗျားတို့ အားထုတ်ကြမှာပဲ ... (မှန်လှပါဘုရား)။ ဘုံဘဝလိုချင်တဲ့ကံတွေကို ... (အားထုတ်ကြမှာပါပဲဘုရား)။

## ကိုယ့်ဒုက္ခကိုယ်ရှာ

ဒါဖြင့် ကမ္ဘာဝပစ္စယာ ဇာတိဆိုတော့ကို သူက ဒုက္ခသစ္စာ၊ သူက သမုဒယသစ္စာဖြစ်နေလေတော့ ခင်ဗျားတို့ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာသာ လုပ်လေ့ ကိုင်လေ့ရှိနေတော့ ဘယ်မှာသာလျှင် ...တဲ့။ ဒကာ၊ ဒကာမတို့ ၁ နံပါတ်ဆိုတဲ့ အဝိဇ္ဇာသခါရ ပြန်မလှည့်ဘဲ ခံနိုင်ကြပါမလား ... (မခံနိုင်ပါဘုရား)။ မခံနိုင်တော့ ဦးညွန့်ကြီးတို့ ဒုက္ခရောက်ဖို့ရာ ကိုယ့်ဒုက္ခကိုယ်ရှာတယ် ... (မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ ... (ကိုယ့်ဒုက္ခကိုယ်ရှာတယ်) ကိုယ့်ဒုက္ခကိုယ်ရှာတဲ့အလုပ်ဟာ ခင်ဗျားတို့က ဘယ့်နှယ်ကြောင့် ရှာကြပါလိမ့်မလဲလို့ ဆရာသမားက မေးလို့ရှိရင်ဖြင့် သစ္စာမသိလို့ပါလို့ ဖြေရုံပဲ ... (မှန်ပါ့ဘုရား)။

ဇာတိ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ စက်ဝိုင်းက ပြထားတယ်။ ဇာတိက ဒုက္ခသစ္စာလို့ပြတယ်။

ဘယ့်နှယ်ကြောင့် ဒီ ဒကာ၊ ဒကာမတွေက ဒါနကံ သီလကံတွေပြုပြီးသကာလ လူဇာတိ၊ နတ်ဇာတိ လိုချင်ပါလိမ့်မလဲလို့ ဆိုတော့ ဟောဒီ ဒုက္ခသစ္စာ။

ဇာတိက ဒုက္ခသစ္စာပါပဲဆိုတာ ဒကာ ဒကာမတွေက မသိတော့ ဒါနကံ သီလကံတွေ ပြုပြီးသကာလ ဒုက္ခဆုတောင်းယူတာ၊ ဒုက္ခအားထုတ်ယူတာ ... (မှန်ပါ့ဘုရား)။ သဘောပါကြလား ... (ပါ့,ပါတယ်ဘုရား)။

## ဒုက္ခဆိုတာ နဂိုကတည်းက ရှိပြီးသား

ဦးညွန့် ဘာအားထုတ်ယူတယ် ... (ဒုက္ခအားထုတ်ယူတာပါဘုရား)။ ဒုက္ခဆိုတာ အားထုတ်ယူရမှာလား၊ ရှိပြီးသားလားလို့ မေးရမယ် ... (ရှိပြီးသားပါဘုရား)။

ရှိပြီးသားက ဒီမှာ ၂ နံပါတ်ကို ကြည့်ပါ ... (မှန်ပါ့ဘုရား)။ ၂ နံပါတ် ကြည့်လိုက်တဲ့အခါ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာဆိုတာ ခန္ဓာငါးပါး ... (မှန်ပါ့ဘုရား)။ သခင်ဝတင် ဒါဟာ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာနော် ... (မှန်ပါ့)။

အဲဒီတော့ ကိုယ့်ဒုက္ခသစ္စာရှိလျက်နဲ့ ဒုက္ခဖြစ်ကြောင်းကို ကြိုးစား၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကြိုးစားတော့ကို ဒကာ၊ ဒကာမတွေ နောက်ဇာတိပြန်မရဘူးလား ... (ရပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်ဟာ တဏှာ၊ ဥပါဒါန်ကံတွေ ကြီးစားပါလိမ့်မလဲလို့ အမေးထုတ်တဲ့အခါကျတော့မှ ဒီဟာကို "လာလတ္တံ့ကို" ဒုက္ခသစ္စာ မသိလို့ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီဘုရား)။ လာလတ္တံ့ကို ... (ဒုက္ခသစ္စာမသိလို့ပါ)။

ဒုက္ခသစ္စာလို့ မသိတော့ကို သူကတော့ဖြင့် လူ့ချမ်းသာ နတ်ချမ်းသာ ထင်တာပဲတဲ့။

## သစ္စာဉာဏ်မရသရွေ့ ဒုက္ခသစ္စာပဲပြန်ရမယ်

သစ္စာဉာဏ်ကို မရတော့ ဒုက္ခသစ္စာပဲ ပြန်ရတယ် ... (မှန်ပါ့ဘုရား)။ မျက်စိလည်ချက် ပြင်းထန်လိုက်တာဆိုရင် လွဲပါ့ဖလား ... (မလွဲပါဘုရား)။

မျက်စိလည်ချက် ပြင်းထန်လိုက်တာဆိုလို့ရှိရင် ဆရာသမား ပြောတာကို ဒကာ၊ ဒကာမတွေ သေသေချာချာမှတ်ကြ။ ခင်ဗျားတို့ မျက်စိလည်တာဟာ ဘယ်လောက်များ ကြာပြီတုန်းလို့မေးတဲ့အခါကျတော့ ၁ ကစ လည်လိုက်တာ ၁ပြန်ရောက်လာတယ် ... (မှန်ပါ့)။

ဒုက္ခသစ္စာထဲ ရောက်လာတယ် ... (မှန်ပါ့)။ ဒုက္ခသစ္စာထဲကမှတစ်ခါ ဝေဒနာပစ္စယာ တဏှာ၊ စိတ္တပစ္စယာတဏှာဆိုပြီးသကာလ တဏှာဥပါဒါန်ကံတွေ ကြိုးစားလိုက်ပြန်ဘော့ အနာဂတ်ဘဝ

ဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏာပြန်ရတယ် ... (မှန်လှပါ)။ မရဘူးလား ... (ရပါတယ်ဘုရား)။

အဲဒီ ဇာတိ ဇရာ မရဏာဆိုတဲ့ပုဂ္ဂိုလ်ဟာ သေခါနီးကျတော့ သောကပရိဒေဝ မလာဘူးလား ... (လာပါတယ်ဘုရား)၊ လာလို့ရှိရင် အဝိဇ္ဇာပါပြန်တယ်တဲ့ ... (မှန်ပါ့)၊ အဝိဇ္ဇာပါပြန်တော့ ဒီအဝိဇ္ဇာကိုတော့ ဘုရားက သံယုတ်ပါဠိတော်မှာ အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော ဒီလှည့်တယ်ကွတဲ့ ... (မှန်ပါ့) ၄ ကနေ ၁ပြန်ကူးတယ်။ ဒကာ၊ ဒကာမတွေ ... (တင်ပါ့)။ ၄ ကနေ ဘယ်ပြန်ကူးတယ်... (၁ ပြန်ကူးပါတယ်ဘုရား)။

## အဝိုင်းပြေး ပြေးနေတယ်

၁ ပြန်ကူးတော့ ခင်ဗျားတို့ နဂိုက ၁ ကစခဲ့တယ် ... (မှန်ပါ့)။ ၁ က ၂ ကူးခဲ့တယ်။ ၂ က ၃ ကူးခဲ့တယ်။ ၃ က ၄၊ ၄ ကနေ ၁ ပြန်ကူးတော့ ခင်ဗျားတို့မှာ အဝိုင်းပြေး ပြေးနေတယ် ...(မှန်လှပါ)။ ဒကာ၊ ဒကာမတွေ ဘာပြေး ပြေးနေသလဲ ... (အဝိုင်းပြေး ပြေးနေပါတယ်ဘုရား)။

အဝိုင်းပြေး ပြေးနေတာ မသိတော့ ဒကာ၊ ဒကာမတွေက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကောင်းကင်ပေါ်ကနေ လေယာဉ်ပျံနဲ့ ချိန်သလို ပုထုဇဉ်သတ္တဝါတွေဟာ အဝိုင်းပြေး ပြေးနေပါကလား ဆိုတာကို သေသေချာချာ သိတော့ကို ဖြတ်လမ်းကို ငါပြမှပဲဆိုပြီး

ဘုရားအဖြစ်ယူတာက ဖြတ်လမ်းပြချင်လို့ ဘုရားအဖြစ်ယူတာ ... (မှန်ပါ)။

ရှင်းပလား ... (ရှင်းပါပြီ) ဘုရားဟာ ဘာဖြစ်လို့ ဘုရားဖြစ်ချင်ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် သတ္တဝါတွေသနားလို့ ... ။

## စရိယသုံးပါးနှင့် ဖြတ်လမ်းပြချင်လို့

"ဗုဒ္ဓတ္ထစရိယံဉာတတ္ထစရိယံ လောကတ္ထစရိယံ"ဆိုတဲ့ စရိယသုံးပါး ပြုကျင့်ကာ ကိုယ်တော်မြတ်ကြီးသည်ဘုရားအဖြစ်ကို ယူတယ်။

ဗုဒ္ဓတ္ထစရိယံဆိုတာလည်း သူ့ပဋိစ္စသမုပ္ပာဒ် သူဖြတ်ချင်တဲ့ အလုပ်ဟာ ဗုဒ္ဓတ္ထစရိယံလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ)။ သူ့ပဋိစ္စသမုပ္ပာဒ် သူဖြတ်ချင်တာ ဘာခေါ်ကြမလဲ ... (ဗုဒ္ဓတ္ထစရိယံပါ)။

သူ့ဆွေမျိုးတွေ ကယ်တင်မှုကို အရေးတကြီးလုပ်တာသည် ဉာတတ္ထစရိယံ ... (မှန်ပါဘုရား)။ သဘောကျပလား ... (ကျပါပြီဘုရား)။

ကျုပ်တို့ ခင်ဗျားတို့ လောကအတွက် ဘုရားအဖြစ် ယူလာတာလည်း ပဋိစ္စသမုပ္ပာဒ် ဖြတ်တဲ့နည်းကို သူပြချင်လို့" လောကတ္ထစရိယံ"ဆိုပြီး စရိယသုံးပါးနဲ့ ရည်ရွယ်ချက်နဲ့လာတယ် ... (မှန်လှပါဘုရား)။

## သူ့အတွက် ကိုယ့်အတွက်

ခင်ဗျားတို့ ယောင်ချာချာလုပ်မနေပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ် … (မှန်ပါ့ဘုရား)။ စရိယသုံးပါးဆိုတာ သူ့အတွက်လည်း ပဋိစ္စသမုပ္ပါဒ် ဖြတ်ချင်တဲ့ဉာဏ်ရဖို့ … (မှန်ပါ့)၊ သူ့ဆွေမျိုးဉာတကာတွေကော … (ဖြတ်ချင်တဲ့ဉာဏ်ရဖို့) ဖြတ်ချင်တဲ့ဉာဏ်ရဖို့ … (မှန်ပါ့)၊ သတ္တဝါဝေနေယျတွေကော … (ဖြတ်ချင်တဲ့ဉာဏ်ရဖို့)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့က သူကဖြတ်ချင်တဲ့ ဉာဏ်ရဖို့ကို အလွန်ကြိုးစားနေတဲ့ ကိုယ်တော်မြတ်ကြီးဖြစ်နေတော့ ကျုပ်တို့က ဖြတ်လမ်းမကြိုးစားတော့ဘူးဆိုလို့ရှိရင် ဘုရားရှိမခိုးနဲ့၊ ခင်ဗျားတို့ အလကားပဲ … (မှန်ပါ့ဘုရား)။

## သူ့ဝါဒမလိုက်ရင် ကန့်လန့်တိုက်တာဘဲ

သူ့ဝါဒမလိုက်လို့ … (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ သဘောပါကြရဲ့လား … (တင်ပါ့)။ သူ့ဝါဒမလိုက်တာလောက် သူ့ကို ကန့်လန့်လုပ်တာရှိသေးရဲ့လား … (မရှိပါဘုရား)။

ဒါကြောင့် အားလုံး ဒကာ၊ ဒကာမတွေ သတိထားပြီး နားထောင်ပါ။ ခင်ဗျားတို့ လွယ်ကူတဲ့တရားလည်း မဟုတ်တော့ ဒကာ၊ ဒကာမတွေ အတော်ခဲယဉ်းတယ်ဆိုတာတော့ ရိပ်မိပလား … (ရိပ်မိပါတယ်) ရိပ်မိပါပြီ။

ကိုင်း ... ဒါဖြင့် ဒကာ ဒကာမတွေ ဒီခန္ဓာကြီးဟာ ယခု ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟာ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ယခု ရ,ထားတာမှတ်ရဲ့လားဆိုတော့ ပစ္စုပ္ပန် ... (မှန်ပါ့ဘုရား)။ ယခု ရ,ထားတော့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

## ခန္ဓာကပြောမှာ

ဒီဒုက္ခသစ္စာထဲမှာ နေရတာကို မသိတာက အဝိဇ္ဇာ၊ မသိတာက ... (အဝိဇ္ဇာပါဘုရား)။ မသိတာကို သိအောင် ဘယ်လိုပြောရမလဲလို့ဆိုတော့ ပြောရုံနဲ့တော့ အပိုပဲတဲ့၊ ခန္ဓာဉာဏ်စိုက်မှသာလျှင် ခန္ဓာက ပြောပါလိမ့်မယ် ... (မှန်ပါ့ဘုရား)။

## ခန္ဓာဉာဏ်စိုက်တဲ့နည်း သင်ပေးမယ်

ခန္ဓာဉာဏ်စိုက်နည်းတော့ ဘုန်းကြီးက သင်ရမှာပေါ့ဗျာ ... (မှန်ပါ့ဘုရား)။ အဲဒီတော့ ခန္ဓာဉာဏ်မစိုက်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့သွားပြီ ... (မှန်ပါ့)။

ဒုက္ခသစ္စာက ဘယ်မှာရှိသတုန်း ... (ခန္ဓာမှာ)။ ခန္ဓာမှာရှိတယ် ... (မှန်ပါ့)။ ဒါ ဒကာ၊ ဒကာမတို့ ခန္ဓာဉာဏ် မစိုက်တော့ဘူးဆိုလို့ရှိရင် သစ္စာနဲ့ ကိုယ်၊ ဉာဏ်နဲ့တွေ့ပါဦးမလား ... (မတွေ့ပါဘုရား)။

သစ္စာနဲ့ ဉာဏ်နဲ့မတွေ့လို့ရှိရင်ဖြင့် မိဘရိုးရာ တဏှာနဲ့ပဲ အချိန်ကုန်ကြမှာပဲ ...(မှန်ပါ့)။ တဏှာနဲ့ အချိန်ကုန်လို့ရှိရင် တဏှာ ဟာ သူ့အဖော်နဲ့လာတယ်ဆိုတာ သိပါ။ တဏှာဟာ ဥပါဒါန် ကံနဲ့တွဲလာတယ် ... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဒါဖြင့် သူ့ကို ဉာဏ်မစိုက်ပါဘူးလို့ဆိုလို့ရှိရင် သမုဒယသစ္စာကို ခင်ဗျားတို့က အားပေးနေတယ် ... (မှန်ပါ့)။ မပေးကြဘူးလား ... (ပေးပါတယ်ဘုရား)။

သမုဒယသစ္စာအားပေးတော့ ဘာသစ္စာပြန်ရမလဲ ... (ဒုက္ခ သစ္စာပြန်ရပါတယ်)။

ဟာ ... ဒါဖြင့် ခင်ဗျားတို့သည် ဒကာ၊ ဒကာမတို့အတိတ် ဘဝက ဘာသစ္စာနဲ့ လာခဲ့ကြသတုန်းလို့ ... (သမုဒယသစ္စာနဲ့ လာခဲ့ပါတယ်ဘုရား)။

ယခု ဘာနဲ့နေသတုန်း ... (ဒုက္ခသစ္စာနဲ့နေပါတယ် ဘုရား)။ ရောင်းရေး၊ ဝယ်ရေး၊ သားရေး၊ သမီးရေးနဲ့ ယခုအချိန် ကုန်ကြပြန်တော့ ဘာသစ္စာကြိုးစားသတုန်း ... (သမုဒယသစ္စာ ကြိုးစားပါတယ်)။

ဒါဖြင့် သေသည်၏ အခြားမဲ့၌ ငါသုဂတိရောက်မလား၊ နိဗ္ဗာန်ရောက်မလားလို့ဆိုတော့ သုဂတိနိဗ္ဗာန်တော့ ဘုန်းကြီးမပြော တတ်ဘူး။ သစ္စာသာကြည့်တော့ ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါ ဘုရား)။

## ဒုက္ခသစ္စာကြိုးစားရင် နောက်ဆက်တွဲအကျိုး ဆက်တွေလာမယ်

ဒါဖြင့် ဒီဒုက္ခသစ္စာ ကြိုးစားပြန်တော့ သေခါနီး ဇာတိ၊ ဇရာ၊ မရဏာလာတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေ လာပြန်တော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာတဲ့၊ အာသဝသမုဒယာ အဝိဇ္ဇာ သမုဒယော ... ဆိုပြီး ဒီလာပြန်တယ် ...' (မှန်ပါ့)။

ဒီက အာသဝ၊ ဒီက အဝိဇ္ဇာ၊ လှည့်မသွားသေးဘူး လား ... (သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီဒကာ၊ ဒကာမတွေဟာ အဝိုင်းပြေး ပြေး နေသလား။ ထွက်ပေါက်ရှာနေသလားလို့မေးရင် ဘယ့်နှယ်ဖြေမယ် ... (အဝိုင်းပြေး ပြေးနေပါတယ်ဘုရား)။ ဒါ ဘုရားက သေသေ ချာချာမြင်လို့ ဒီအဓိပ္ပာယ်ဟောပါတယ်။

## ခန္ဓာဖြစ်စဉ်

ဒါ သူများဟောနေတဲ့ တရားလား၊ ဒကာ၊ ဒကာမတွေက အကဲခတ်၊ ကိုယ့်ခန္ဓာဖြစ်စဉ်လား ... (ကိုယ့်ခန္ဓာဖြစ်စဉ်ပါဘုရား)။ ကိုယ့်ခန္ဓာဖြစ်စဉ်ဆိုတာ သေချာကြပလား ... (သေချာပါတယ် ဘုရား)။

ဒါဖြင့် အခုလို ဆရာကောင်းသမားကောင်းနဲ့ အင်မတန်ပဲ ကြုံကြိုက်ခဲ့တယ်။ ခင်ဗျားတို့ကို ပြောဆိုချင်တဲ့ဆန္ဒ အသင့်အတင့်လည်း ရှိပါတယ်။

အဲဒီကိစ္စနဲ့ အခုဆရာသမားက ကြွလာတော့ ဒီဒကာ၊ ဒကာမတွေလည်း အရင်းအချာတွေချည်းဆိုတော့ လာနေကျသွားနေကျတွေဖြစ်နေတော့ ဒီအခါ ဖြတ်လမ်း မယူတော့ပါဘူးဆိုရင် ဘယ်အချိန်ယူချိန်ရှိသတုန်း ... (မရှိပါဘူးဘုရား)။

မရှိလို့ရှိရင် အဝိုင်းပြေးနဲ့ပဲ နေရစ်ခဲ့ကြပေတော့ ... (မှန်ပါ့)။ ဦးညွန့် ... မဆိုးဘူးလား ... (ဆိုးပါတယ်)။ ဟော့ ... ဦးသန်းမောင်ကြီး ... မဆိုးဘူးလား ... (ဆိုးပါတယ်ဘုရား)၊ ဆိုးဆိုးနဲ့ပဲ သေတော့မလား ... (မသေချင်သေးပါဘုရား)။

## နိဗ္ဗာန်သိမှ တရားအားထုတ်၊ ဒါမှပေါက်ရောက်မယ်

အဲဒီတော့ ဒကာ၊ ဒကာမတွေ မှတ်ရမှာက နိဗ္ဗာန်ဆိုတဲ့ ဥစ္စာကို မသိလို့ရှိရင် နိဗ္ဗာန်ကို မသိလို့ရှိရင်လည်း တရားအားထုတ်တဲ့အခါကျလို့ရှိရင် မပေါက်ရောက်ဘူးဆိုတာကလေး မှတ်ထားစမ်းပါ။

နိဗ္ဗာန်ကိုလည်း သိထားရမယ်။ နိဗ္ဗာန်ဆိုတာ ဘာတုန်း

ဆိုလို့ရှိရင် ... "နိဗ္ဗာန"သဒ္ဒါက ငြိမ်းအေးခြင်းအနက်ကို ဟောပါတယ် ... (မှန်ပါ့)။

ဘာတွေ ငြိမ်းအေးပါသတုန်းလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းအေးတယ်လို့ မှတ်ပါ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ဘယ့်နှယ်မှတ်ပါ့မလဲ။ ဒုက္ခခပ်သိမ်းငြိမ်းအေးတယ်လို့၊ ဒုက္ခခပ်သိမ်းငြိမ်းအေးတယ်လို့ ဒကာ၊ ဒကာမတွေ မှတ်လိုက်စမ်းပါ။

ဒုက္ခခပ်သိမ်းငြိမ်းအေးတယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခမသိဘဲနဲ့ ငြိမ်းအေးချင်တဲ့ဘက်ကို ဉာဏ်လှည့်ပါ့မလားလို့မေးရင် ဘယ့်နှယ်ပြောမယ် ... (မလှည့်ပါဘုရား)။ မလှည့်နိုင်ဘူးဆိုတာ သေချာပလား ... (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒုက္ခကို အရေးတကြီးဟောမှ နိရောဓဆိုတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မယ် ... (မှန်ပါ့)။

ဒုက္ခကို မဟောလို့ရှိရင်နိရောဓကို မျက်မှောက်ပြုဖို့ ဘယ့်နှယ်နေသတုန်း ... (မပြုနိုင်ပါဘုရား)။ မပြုနိုင်ဘူးဆိုတာ သေချာပလား ... (သေချာပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတာ ကိုယ့်အဖြစ်ဆိုး ကိုယ်သိအောင်လို့

ကိုင်း ... ဒါဖြင့် အခုလှည့်ပတ်ပြီးသကလာ ပဋိစ္စသမုပ္ပါဒ်ကြီးကို စက်ရဟတ်ပုံသဏ္ဍာန်ကြီးနဲ့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကို ပြနေတာသည် သြော် ... ဒီဥစ္စာက ကြည်ညိုဖို့ပြတာလား၊ ငါတို့ အဖြစ်ဆိုးသိအောင်လို့ ပြတာလား ... (အဖြစ်ဆိုးသိအောင်လို့ ပြတာပါဘုရား)။ အဖြစ်ဆိုးသိအောင် ပြတယ်။ ဒါကြောင့်ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သတိပေးလိုက်ပါတယ်။

ဘုန်းကြီးတို့ ဒီက ဒကာကြီး ဦးမာဒင်က လှူဒါန်းတာတွေ၊ ဒီပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွေက ဒါတွေဟာ အိမ်မှာ မှန်ပေါင်သွင်းဖို့ မဟုတ်ပါဘူး။ အိမ်မှာမှန်ပေါင်သွင်းဖို့ ချိတ်ထားဖို့ ကျက်သရေမင်္ဂလာရှိဖို့ မဟုတ်ပါဘူး။ နဂိုကမှ ကျက်သရေမင်္ဂလာ မရှိဘဲ၊ သမုဒယနဲ့ ဒုက္ခချည်းပဲ၊ ဘယ်က ကျက်သရေပါတုံး၊ ခင်ဗျားတို့ ပါကြရဲ့လား ... (မပါ,ပါဘုရား)။

## ကိုးကွယ်တာ မမှားစေနဲ့

အဲဒါတွေ ဒကာ၊ ဒကာမတွေ မသိတော့၊ တို့ ဆရာဘုန်းကြီးက ဒီလိုစီစဉ်လိုက်တယ်။ ဒါတော့ တို့ကိုးကွယ်မှုပဲဆိုတော့ ဒုက္ခနဲ့သမုဒယကိုးကွယ်တာ ... (မှန်ပါ့ဘုရား)။ ရိပ်မိပလား ... (မှန်ပါ့)။ ဘာကိုးကွယ်တာလဲ ... (ဒုက္ခနဲ့ သမုဒယကိုးကွယ်တာ)။

ကိုးကွယ်ရမှာက မဂ္ဂနဲ့နိရောဓကိုးကွယ်ရမှာ ...(မှန်ပါ့ဘုရား)။ မဂ္ဂကို ပွားများပြီး နိရောဓကို လက်အုပ်ချီရမှာ ...(မှန်ပါ့)။

အခုတော့ ဒကာ၊ ဒကာမတွေက ဘာမဆို မှန်ပေါင်သွင်းပြီး အိမ်ချိတ်၊ ချိတ်ပြီးထားလိုက်တဲ့အခါကျတော့ ကိုးကွယ်ရမည့်တရားလား၊ ဒီဥစ္စာ သူ့ကိုကြည့်ပြီး သံဝေဂယူရမည့်တရားလားဆိုတာ မဝေဖန်ကြဘူး ... (မှန်ပါ့ဘုရား)။ မဝေဖန်တော့ ခက်ကုန်တာပေါ့ ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီ)။

ဒါဖြင့် ကိုးကွယ်ရမှာလား၊ သံဝေဂယူနေရလား ... (သံဝေဂယူနေရမှာပါဘုရား)။ သံဝေဂယူနေရမှာကို ခင်ဗျားတို့ ဦးချလို့ရှိရင် လွဲပါလိမ့်မယ်။

ဦးချလို့ရှိရင်ဖြင့် ဒီစက်ဝိုင်းသာ ဦးချနေကြမယ်ဆိုလို့ရှိရင်ဖြင့် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာကို ဦးချတာ ... (မှန်ပါ့ဘုရား)။ ကောင်းသေးရဲ့လား ... (မကောင်းပါဘုရား)။ ဦးချချင်လို့ရှိရင် ချနည်းကလေးကိုတော့ နည်းနည်းပြောလိုက်ပါတယ် ... (တင်ပါ့)။

ဩော် ... ကိုယ်တော်မြတ်ကြီးဟောလို့ သိရပေတယ်လို့ သူ့ကျော်ပြီး ဟိုဘက်က ကိုယ်တော်မြတ်ကြီးရောက်အောင် သွားလိုက် ... (မှန်ပါ့ဘုရား)။ သဘောကျပလား ... (ကျပါပြီ)။

သူ့ကျော်လွန်ပြီးသကာလ ဘယ်သွားရမတုန်း ... (ကိုယ်တော်မြတ်ကြီးထိအောင် သွားရပါ့မယ်)။

## ကျေးဇူးရှင်တော့ရှိခိုးပါ

အင်း ... သူပြောလို့သိရပေတယ်။ သဘောကျပလား ... (ကျပါပြီ)။ သူပြောလို့ သိရပေတယ်ဆိုတော့ သူကရှေးဦးစွာ သိတဲ့ ပုဂ္ဂိုလ်မို့ ကျေးဇူးရှင်တော့ ရှိခိုးတာပေါ့ ... (မှန်ပါ)။ ဒါကို ရှိခိုးနေဖို့တော့ မလိုဘူး။ သဘောပါပလား ... (ပါ,ပါပြီဘုရား)။

ရှိခိုးနည်းကို ခင်ဗျားတို့ မနည်းသင်ရသေးတယ် ... (မှန်ပါ့ဘုရား)။ လွယ်တာမဟုတ်ဘူး ... လွယ်တာမဟုတ်ဘူး ... (တင်ပါ့)။

## လူဟာလူ့သံယောဇဉ်မစွန့်ဘဲ နိဗ္ဗာန်မရနိုင်

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ မနေ့ညက စကားကလေးကမကုန်ဘဲဖြစ်နေတော့ အားလုံးနားထောင်ပါ။ လူဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား ... (မရနိုင်ပါ) လူဟာလူ့သံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပါ့မလား ... (မရပါ) မရဘူး။

နို့ ခင်ဗျားတို့က အခု ဘာတွေနဲ့ ပျော်ပိုက်နေကြသလဲ။ မွေ့လျော်နေကြသလဲလို့ အမေးထုတ်လို့ရှိရင်ဖြင့် သံယောဇဉ်မရှိရင်နေမဖြစ်ဘူး ... (မှန်ပါ့ဘုရား)။

## ငယ်ပေါင်းတဏှာကို အဖော်လုပ်နေရင် နိဗ္ဗာန် မရ

ခင်ဗျားတို့ အဖော်က သုတ္တနိပါတ် ဣတိဝုတ်စသည်မှာ လာပါတယ်။ တဏှာဒုတိယော ပုရိသော တဏှာအဖော်လုပ်နေတာ။ ဘာအဖော်လုပ်နေတာလဲ ... (တဏှာအဖော်လုပ်နေတာ)။

မရပါဘူး။ နိဗ္ဗာန်တော့ ဝေးပါသေးတယ် ... (မှန်ပါ့ဘုရား)။ မရနိုင်ဘူး။ တဏှာအဖော်လုပ်နေတာကိုး။

## သဒ္ဓါနဲ့ပညာကို အဖော်လုပ်ပါ

မြတ်စွာဘုရားရှင်က အဖော်လုပ်စေချင်တာက "သဒ္ဓါဒုတိယာပုရိသဿ ဟောတိပညာ စေတံ ပသာသတိ"ဆိုပြီး သဒ္ဓါနဲ့ ပညာအဖော်လုပ်ပါကွာ။ ခင်ဗျားတို့ကလည်း တဏှာအဖော်လုပ်တယ် ... (မှန်ပါ့)။ ဘုရားက ဘာတုန်း ... (သဒ္ဓါနဲ့ပညာကို) သဒ္ဓါနဲ့ ပညာအဖော်လုပ်ပါလို့ သုတ္တနိပါတ် ဣတိဝုတ်စသည်မှာ ဟောတယ် ဦးညွန့်ကြီးရဲ့ ... (မှန်ပါ့ဘုရား)။ ဦးမြကြီး ဘာနဲ့ အဖော်လုပ်နေသတုန်း ... (တဏှာနဲ့ အဖော်လုပ်နေပါတယ်)။ တဏှာနဲ့ အဖော်လုပ်နေတော့ နိဗ္ဗာန်ရပ့်မလား ... (မရပါဘုရား)။

## တဏှာက ငယ်ပေါင်း

မရနိုင်တော့ဘူးဆိုတော့ ဒကာ၊ ဒကာမတို့ ကိုယ့်အဖော်နဲ့ ကိုယ်ခွဲဖို့ရာလည်း ငယ်ပေါင်းမို့ ခင်များတို့က အတော်ခက်နေတယ် … (မှန်ပါ့ဘုရား)။ အတော်ခက်နေတယ် … (ခက်ပါတယ်)။ ဘာဖြစ်လို့ခက်နေသတုန်း … (ငယ်ပေါင်းမို့ ခက်ပါတယ်)၊ ငယ်ပေါင်းမို့ ခက်တယ်ဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ အလုပ်ကလေးကို လုပ်လို့ရှိရင်ဖြင့် ငယ်ပေါင်းဟာလည်း ယာယီပြတ်၊ ပြတ်သွားမယ်။ ယာယီပြတ်ကနေပြီးသကာလ ဒကာ ဒကာမတို့ နောက်ကျတော့ သမုစ္ဆေဒဆိုတဲ့ အကြွင်းမဲ့ဖြတ်တာလည်းရမယ် … (မှန်ပါ့)။

## အလုပ်လုပ်မှ တဏှာပြတ်မယ်

ဒါဖြင့် အလုပ်လုပ်မှ ပြတ်မယ်ဆိုတာ တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချပါ … (မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမှတုန်း … (အလုပ်လုပ်မှ ပြတ်မယ်) ဆုတောင်းနဲ့ကော … (မပြတ်ပါဘုရား)။

ထမင်းစားတာ ဩိုးခြံရုံနဲ့ … (မရပါဘုရား)။

သက်သတ်လွတ် စားရုံနဲ့ … (မရပါဘုရား)။

မရပါဘူး။ ဒါတွေ အပိုတွေပါ … (မှန်ပါ့)။ ဒါတွေအပိုတွေပါ။ ဒါတွေက ဖြစ်ကို မဖြစ်ပါဘူး။ ရိပ်မိပလား … (ရိပ်မိပါပြီ)။

## ခန္ဓာငါးပါးကို ဉာဏ်နဲ့ရှုပါ

ဒီခန္ဓာငါးပါးကို ဥပမာ ဘုန်းကြီးက သဠာယတနကို ဟောနေတယ်၊ မနာယတန စိတ္တာနုပဿနာကို ရှုပါလို့ဆိုတော့ ဒီနေရာမှာ စိတ်ကလေး၏ ဖြစ်မှုပျက်မှုလာတိုင်း၊ လာတိုင်း ဉာဏ်ကလေးက ရှုပေးပါ … (မှန်ပါ့) စိတ်လာတိုင်း လာတိုင်း ခင်ဗျားတို့က ဉာဏ်နဲ့ရှုပေးပါ။

ဉာဏ်နဲ့ရှုတဲ့အခါကျတော့ စိတ်သေတာ မမြင်ဘူးလား … (မြင်ပါတယ်ဘုရား)။ စိတ်သေတာလား၊ ဒကာ၊ ဒကာမတွေ၏ ခန္ဓာ၊ ဝိညာဏက္ခန္ဓာ သေတာလား … (ဝိညာဏက္ခန္ဓာသေတာပါ ဘုရား)။

ဒါဖြင့် ကိုယ်သေတာပေါ့ဗျ … (မှန်ပါ့ဘုရား)။ ဒကာ၊ ဒကာမတွေ ဘာတုန်း … (ကိုယ်သေတာပါဘုရား)။ ကိုယ်သေတာ ကို ကိုယ့်ဉာဏ်နဲ့ ကိုယ်မြင်အောင်ကြည့်ပါ … (မှန်ပါ့ဘုရား)။ ကိုယ်ဒုက္ခရောက်တာကို … (ကိုယ့်ဉာဏ်နဲ့ မြင်အောင်ရှုရမယ်)။ ကိုယ်သေတာကို … (ကိုယ့်ဉာဏ်နဲ့ မြင်အောင်ကြည့်ရမယ်)။

## ကိုယ့်အသေကိုမြင်တဲ့တရားဟာ ဝိပဿနာ တရား

ဒါဖြင့် ကိုယ့်အသေကိုယ်မြင်တဲ့တရားဟာ ဝိပဿနာ တရား … (မှန်ပါ့ဘုရား)။ ဝိပဿနာတရားဆိုတာ ရှုရမည့်တရား

လား၊ ကိုယ့်အသေကိုယ်ကြည့်တဲ့တရားလား ... (ကိုယ့်အသေကိုယ်သေ ကြည့်တဲ့တရားပါဘုရား) တော်တော်အရေးကြီးပါတယ်။

ဒါ ဝိပဿနာပင်ရင်းကို ပြောနေတာ ... (မှန်ပါ့ဘုရား)။ ဝိပဿနာပင်ရင်းကို ပြောနေတယ်ဆိုတာ ဒကာ၊ ဒကာမတွေ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဩော် ... ကျုပ်တော့ ကုသိုလ်ရအောင် ဝိပဿနာရှုရဦးမယ်ဆိုရင် ရှုကိုမရှုနဲ့ ... (မှန်ပါ့)။ ကုသိုလ်ရချင်လို့ရှုရင် ရေအိုးစင်တည်လို့ ပြောထားတယ် ... (မှန်ပါ့)။

ကိုယ့်အသေ ကိုယ်မြင်မှသာလျှင် ဒီအသေကြီးကို နောက်ထပ်မလိုချင်တဲ့ဉာဏ်လာမယ် ... (မှန်ပါ့ဘုရား)။ ကိုယ့်အသေမှ ကိုယ်မမြင်သေးရင် ... (မလာပါဘုရား)။

## အသက်ဟာ စိတ်ကလေးတစ်ခုပဲရှိတာ နောင်စိတ်မလာရင်

ဒါကြောင့် ဘုရားက ဧကစိတ္တာသမာယုတ္တာ၊ မင်းတို့အသက်ဟာကွ ... စိတ်ကလေးတစ်ခုပဲ ရှိပါတယ်တဲ့။ ပထမစိတ်ဖြစ်ပေါ်နေတုန်း နောက်စိတ်မလာရင် ဘယ့်နှယ်ဆိုကြမလဲ ... (သေမှာပါဘုရား)။ သေပြီဆိုတာ ဆုံးဖြတ်ချက် မချရပေဘူးလား ... (ချရပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ အသက်တမ်းဟာ အင်မတန်ချွန်လှ

စွာသော အပ်ကလေးပေါ်မှာ မုန့်ညင်းစေ့ဖြစ်စေ၊ နှမ်းစေ့ဖြစ်စေ တင်လိုက်တာပေါ့။ နည်းနည်းအလှုပ်အရှားခံပါ့မလား ... (မခံပါဘုရား) မခံပြုတ်ကျတာပေါ့။

နောက်တစ်ခါ ဒီအပေါ်မှာ ဒီအစေ့မျိုး မရောက်ရင် သေပြီ။ သုသာန်သာပို့တော့ ... (မှန်လှပါဘုရား)။ ခင်ဗျားတို့ သက်တမ်းရှည်သလား၊ တိုသလား ... (တိုပါတယ်ဘုရား)။

ဘယ်လောက် အသက်ရှည်သတုန်းလို့ မေးလို့ရှိရင် ဘယ်သူပြောတာမှ မယုံနဲ့၊ ခင်ဗျားတို့ လက်ဖျစ်တစ်တွက်မရှည်ဘူး။ သက်တမ်းက ... (မှန်ပါ့ဘုရား)။

ဒီအထဲမှာ ခင်ဗျားတို့က ကတ်ကတ်သတ်သတ် သြဇာသီးဝါစရာမရှိလို့ ဘုတွေ၊ ဒစ်တွေကြားထဲက ဝါသလိုဖြစ်ပြီး ခင်ဗျားတို့က ပျော်နေတာကိုး ... (မှန်လှပါ)။ မဆိုးကြပါဘူး ... (ဆိုးပါတယ်ဘုရား)။

## သက်တမ်းကို တဏှာနဲ့နှုတ်တော့ ဘာကျန်သေးသလဲ

ကိုင်း...ဒါဖြင့် ဒီဒကာ၊ ဒကာမတွေကို ဘုန်းကြီးများသည် အရင်းတွေလည်းဖြစ်နေတော့ ခင်ဗျားတို့ သက်တမ်းတိုကဲ့ အထဲမှာဖြင့် ခင်ဗျားတို့က တဏှာအရေးနဲ့တော့ မနုတ်လိုက်ပါနဲ့ ... (မှန်ပါ့ဘုရား)။

အသက်တမ်းက တိုရတဲ့အထဲ တဏှာကိစ္စတွေနဲ့ နှတ်လိုက်မယ်ဆိုရင် ကျန်စရာမြင်သေးရဲ့လား ... (မမြင်ပါဘုရား)။

ဒါဖြင့်နေ့တိုင်း ဘာလုပ်နေကြသတုန်း။ အသက်တမ်းကို တဏှာနဲ့ နှတ်နေကြသလားလို့မေးရင် ဘယ့်နှယ်ဖြေမယ် ... (နှတ်နေပါတယ်ဘုရား)။

ဘုရားရှင်က လူ့ဘဝရခဲတယ်လို့ ဟောတော်မူသေးတယ်။ ခင်ဗျားတို့ကလည်း ရတဲ့အထဲက အကုန်နှတ်ပစ်တော့ ဘာကျန်သေးလဲ ... (ဘာမှမကျန်ပါ)။ ဉာဏ်စခန်းကျန်သေးရဲ့လား ... (မကျန်ပါဘုရား)။

ဒီလောက်ဆိုးရွားနေတယ်ဆိုတာလည်းပေါ်ပြီ ... (မှန်ပါ့)။ ဦးမာဒင်တို့ မပေါ်သေးဘူးလား ... (ပေါ်ပါပြီ)။ ခင်ဗျားတို့မို့ နှတ်ရဲပါပေတယ်ဗျာ။

## လူ့ဘဝရခဲတယ်

သမုဒ္ဒရာ ပင်လယ်ထဲ ထွန်တုံးကြီးတစ်ပေါက်တည်းထွင်းပြီး သကာလ လွှတ်လိုက်၊ ထွန်တံနဲ့ လွှတ်လိုက်၊ ကြုံမိစရာကော ရှိပါရဲ့လား ... (မရှိနိုင်ပါဘုရား)။ လိပ်ကန်းကြီးကလည်း ဒီအထဲမှာ အနှစ်တစ်ရာမှ တစ်ခါပေါ်တာကြီးကလည်း ဒီထွန်တုံးပေါက်ထဲမှာ လည်ပင်းလျှိုပြီး အမောဖြေနိုင်ပါ့မလား ... (မဖြေနိုင်ပါဘုရား)။

အဲဒါဖြစ်ရာအကြောင်းမြင်သေးတယ်ကွ၊ မင်းတို့ လူ့ဘဝရဖို့ဝါမမြင်ဘူးတဲ့ ... (မှန်ပါ့ဘုရား)။ သေသေချာချာဟောတယ်

သစ္စာသံယုတ်မှာ ... (မှန်ပါ့ဘုရား)။ မဟောဘူးလား ... (ဟောပါတယ်ဘုရား)။

ဒီထဲကနေ ဦးမြကြီးတို့ လမ်းသွားရင်း ဆုံးရှုံးလိုက်တာများ မြင်လိုက်ရဲ့ မဟုတ်လား ... (မှန်ပါ့၊ မြင်ဖူးပါတယ်) ဦးမြ ခင်ဗျား စောင်းဟောနေတယ်လို့ ပြောမနေနဲ့နော်။

## ဆရာ့တာဝန် ဒကာ့တာဝန်

ဒါဖြင့် ခင်ဗျားတို့ အသက်တမ်းသည် အလွန်ဆိုးရွားနေတဲ့ အထဲက အင်မတန်ရခဲတဲ့ပစ္စည်းကို ခင်ဗျားတို့ အလွဲသုံးစားလုပ်နေတာက ဒီဒကာ၊ ဒကာမတွေ အရင်းတွေပဲလို့ဆိုရင် ဦးမာဒင် မငြင်းနဲ့တော့ ... (မငြင်းပါဘုရား)။ မှန်တယ်လို့ပဲ တာဝန်ခံရမယ် ... (မှန်ပါ့ဘုရား)။ သဘောပါကြပလား ... (ပါ, ပါပြီ)။ ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီအချိန် သစ္စာသိအောင် ပြုဖို့ရန်အရေးက ဘုန်းကြီးအရေး ... (မှန်ပါ့)။

ခင်ဗျားတို့က ကိုယ့်သစ္စာကိုယ်မြင်ဖို့ ကိုယ့်ဒုက္ခရောက်တာ ကိုယ်မြင်ဖို့အရေးဟာ ခင်ဗျားတို့အရေး ... (မှန်ပါ့ဘုရား)။

ဘုရားသခင်ကြွလာရင်လည်း ဒီလိုပဲ လမ်းညွှန်မှာပဲ ... (မှန်ပါ့ဘုရား)။ ခင်ဗျားတို့ နိဗ္ဗာန်ကို ထမ်းခေါ်သွားနိုင်လိမ့်မယ်လို့ မယူပါနဲ့ ... (မှန်ပါ့ဘုရား)။ သဘောပါလား ... (ပါ, ပါတယ်)။

ရာဟုလာသည် သူ့သားအရင်းဖြစ်ပါတယ်။ ရာဟုလော ဝါဒသုတ်ဆိုပြီးသကာလ သူ့ကိုကျင့်ဖို့ သုတ်မပေးရဘူးလား ... (ပေးပါတယ်ဘုရား)။

အဲဒီသုတ်ကျင့်ပြီးတော့ လိုက်ခဲ့ရတယ်မဟုတ်လား ... (မှန်ပါ့)။ နိဗ္ဗာန်ထမ်းခေါ်နိုင်ရဲ့လား ... (မခေါ်နိုင်ပါဘုရား)။

အဲဒါကြောင့် မင်းတို့အကြင်လင်မယားတွေ၊ သားတွေ သမီးတွေ ချစ်ပါတယ်၊ ခင်ပါတယ်ဆိုတာ လိုရင်းဒုက္ခသိမ်းတဲ့ဆီ ကျတော့ ပို့နိုင်ကြရဲ့လား ... (မပို့နိုင်ပါဘုရား)။

ဒါဖြင့်မင်းတို့ဟာ တစ်ယောက် တစ်ယောက် လွမ်းအောင် ပြောနေတာ အပိုတွေပေါ့ကွ ... (မှန်ပါတယ်ဘုရား၊ မှန်ပါတယ်)။ ရိပ်မိပလား ... (ရိပ်မိပါတယ်)။ တစ်ယောက်တစ်ယောက်လွမ်း အောင် ပြောနေတာ ဘာပါလိမ့် ... (အပိုတွေပါဘုရား)။

## အပိုတွေသွားရည် မကျလိုက်ပါနဲ့

အဲဒီအပိုတွေကိုပင်လျှင် ဒကာ၊ ဒကာမတွေက သွားရည် ကျနေတာခက်တယ် ... (မှန်ပါ့)။ အတော်ဆိုးနေတာပဲ။ အပိုကို ဘာဖြစ်နေကြသလဲ ... (သွားရည်ကျနေပါတယ်ဘုရား)။ ဒကာ၊ ဒကာမတွေ ကျဖူးကြသလား ... (မှန်ပါ)။

မသိတုန်းကတော့ ကျတာပေါ့ဗျာ။ အခုတော့ဖြင့် ကျစရာ မလိုပါဘူး။ လောကွတ်ဟာ လောကွတ်သာမှတ်ပါ ... (မှန်ပါ့ ဘုရား)။

တစ်ခါတည်း ဒကာမတွေကို မင်းတို့ ဘာပူစရာရှိသလဲကွ ဆိုတာ အပါယ်စခန်းပြောတာမဟုတ်ဘူး။ ထမင်းကျွေးမယ်ပြော တာ ... (မှန်ပါ့ဘုရား)။ အပါယ်ကျတာ လွတ်အောင် ပြောနိုင်အောင် ဟုတ်ရဲ့လား ... (မဟုတ်ပါဘူး)။ ထမင်းလည်း ဝဝကျွေးမယ်၊ အဝတ်များ များဆင်မယ်၊ ဒါပဲပြောတယ် ... (မှန်ပါ့)။

ယောက်ျားလုပ်တဲ့ပုဂ္ဂိုလ်တွေ ရှင်မလုပ်ချင်နေပါ။ ကျွန်မ တို့လည်း ခြေနဲ့လက်နဲ့ပဲ ကျွေးနိုင်ပါတယ်။ မွေးနိုင်ပါတယ် ပြောတာ ခင်ဗျားတို့ကလည်း တော်လိုက်တာ၊ ဘဝများအရ ထူးလိုက်တာလို့ များ ထင်ချင်ထင်နေဦးမယ် ... (မှန်ပါ့)။

စင်စစ်အားဖြင့် သေသေချာချာစဉ်းစားကြည့်တော့ လောကွတ်တွေ ... (မှန်ပါ့ဘုရား)။ ခေါင်းကိုက်တာ တစ်ခုပျောက် အောင် လုပ်နိုင်ရဲ့လား ... (မလုပ်နိုင်ပါဘုရား)။

အိုတာကော ... (မလုပ်နိုင်ပါဘုရား)။

နာတာကော ... (မလုပ်နိုင်ပါဘုရား)။

သေတာကော ... (မလုပ်နိုင်ပါဘုရား)။

ဒါများ ယုံနေတာ အံ့သေး၊ ကျုပ်က ... (မှန်ပါ့ဘုရား) အတော်ဆိုးရွားနေတယ်ဆိုတာကော မပေါ်ဘူးလား ... (ပေါ်လာပါ တယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ လူတွေပြောနေတယ်၊ တစ် ယောက်တစ်ယောက်၊ သားသမီးက အမေမိဘပဲ ပြေပြော၊

ခင်ပွန်းမက ခင်ပွန်းသည်ပဲပြောပြော၊ ခင်ပွန်းသည်က ခင်ပွန်းမပဲပြောပြော ဒကာ၊ ဒကာမတွေ အပိုအလုပ်တွေပဲ ... (မှန်ပါ့)၊ သဘောကျရဲ့လား ... (ကျပါတယ်)။

## သစ္စာမြင်တဲ့ဉာဏ်ကမှ တားနိုင်တာ

အိုမှု၊ နာမှု၊ သေမှု တားနိုင်ကြရဲ့လား ... (မတားနိုင်ပါဘုရား)။ အဲဒီတော့ မတားနိုင်တော့ သစ္စာမြင်မှ၊ သစ္စာမြင်တဲ့ဉာဏ်ကမှ တားနိုင်တယ် ... (မှန်လှပါ)။ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။ ဘာကမှ တားနိုင်သလဲ ... (သစ္စာမြင်တဲ့ဉာဏ်ကမှ တားနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အားကိုးရာအစစ် ဘာပါလိမ့်မလဲ ... သစ္စာမြင်တဲ့ဉာဏ်ပါဘုရား)။ သစ္စာမြင်တဲ့ဉာဏ် ... (မှန်ပါ့၊ သစ္စာမြင်တဲ့ဉာဏ်ပါဘုရား)။ ဒါက အရေးကြီးတယ်နော် ... (မှန်ပါ့) ဒကာ၊ ဒကာမတွေ ဘာအရေးကြီးတယ် ... (သစ္စာမြင်တဲ့ဉာဏ် အရေးကြီးပါတယ်ဘုရား)။

သစ္စာမြင်တဲ့ဉာဏ် အရေးကြီးတယ်ဆိုတော့ ဘုရားက သူကိုယ်တိုင် ဟောတော်မူခဲ့တာကိုး။ တခြားသော ဆရာတော်တွေလည်း ဟောလို့ ဘုန်းကြီးက ဖြည့်စွက်ရုံပဲ ပြောပါတယ်။

## သစ္စာမသိရင် သံသရာရှည်မယ်

ငါလည်း သစ္စာမသိလို့ သံသရာထဲရှည်ခဲ့တယ်ကွ၊ မင်းတို့လည်း မသိရင် ရှည်ဦးမှာပဲကွာ ... ဆိုတာ လိုရင်းစကားမှတ်ပါ ... (မှန်ပါ့ဘုရား)။ သူလည်း သစ္စာမသိလို့ ဘာဖြစ်ခဲ့တယ် ... (သံသရာရှည်ခဲ့ပါတယ်ဘုရား)။ မင်းတို့လည်း မသိရင် ... (သံသရာရှည်ဦးမှာပါဘုရား)။

သံသရာရှည်တယ်ဆိုတော့ ခင်ဗျားတို့က သံသရာရှည်တယ်ဆိုတော့ စာသံ ပေသံပါနေတယ်။ ခင်ဗျားတို့ အိုဘေး၊ နာဘေး၊ သေဘေး၊ မဆုံးတော့ဘူး ပြောတာ ... (မှန်လှပါဘုရား)။ သံသရာရှည်တယ်ဆိုတာ ဘာပါလိမ့် ... (အိုဘေး၊ နာဘေး၊ သေဘေး မဆုံးတာပါ ဘုရား)။ အိုဘေး၊ နာဘေး၊ သေဘေး၊ မဆုံးတော့ဘူးလို့ ဒကာ၊ ဒကာမတို့ ပြောတာဗျ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ရိုပ်မိပလား .... (ရိုပ်မိပါတယ်ဘုရား)။ ကောင်းပြီ ဒါဖြင့် သံသရာရှည်တာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အိုဘေး၊ နာဘေး၊ သေဘေး မဆုံးတာကို ဆိုတယ်ဆိုတော့ အိုပြီးရင်း အိုရင်းပေါ့ဗျာ ... (မှန်ပါ့)။

နာပြီးရင်း ... (မှန်ပါ့)။ နာရင်း ... (မှန်ပါ့)

သေပြီးရင်း ... (မှန်ပါ့)။ သေရင်း ... (မှန်ပါ့)။

## အို နာ သေဘေးကို ဘယ်သူတွေပေးနေပါလိမ့်

အဲဒီအလုပ်တွေကို ခင်ဗျားတို့ ဘယ်သူက ပေးသတုန်းလို့ မေးလို့ရှိရင်ဖြင့် ခင်ဗျားတို့ သားတွေ၊ သမီးတွေ၊ ဆွေတွေ၊ မျိုးတွေ က ပေးတယ် ... (မှန်ပါ့ဘုရား)။ အိုဘေး၊ နာဘေး၊ သေဘေးကို မှန်လှပါဘုရား)။

ဒါတွေ ခင်နေတော့ မဂ္ဂသစ္စာက လာသေးရဲ့လား ... (မလာပါဘုရား)။ မလာတော့ ခင်ဗျားတို့က သမုဒယသစ္စာနဲ့ လက်ခံနေတယ် ... (မှန်လှပါဘုရား)။

လက်ခံလိုက်တဲ့အခါကျတော့ ဒါက သမုဒယသစ္စာဆိုတော့ ဒီဘက်က ဒုက္ခသစ္စာ၊ သူက ဆက်ပေးလိုက်တယ် ... (မှန်လှပါ ဘုရား)။ သဘောကျပလား ... (ကျပါပြီ)။

## နားကြီးကြီးနဲ့ထောင်ပါ

ဒါဖြင့် ဒကာ၊ ဒကာမတွေ အင်မတန်အရေးကြီးတဲ့တရားကို ယနေ့ဆုံးမတော့မယ်ဆိုတာကို သေသေချာချာ နားကြီးကြီးနဲ့ ထောင်ပါ ... (မှန်ပါ့)။ ဘာနဲ့ထောင်ရမလဲ ... (နားကြီးကြီးနဲ့ ထောင်ရမှာပါဘုရား)။

နားသေးသေးနဲ့ ဘယ်သူဘာလုပ်လုပ် နိဗ္ဗာန်ရောက်တယ် ဆိုတဲ့တရားကို မယုံနဲ့ ... (မှန်လှပါ)။ မယုံနဲ့။ ကိုယ့်ပဋိစ္စသမုပ္ပာဒ် ကိုယ်ဖြတ်မှ ရောက်တယ်ဆိုတာသာ ယုံ ... (မှန်လှပါဘုရား)။

ဘယ်သူဟာ ပန်းတစ်ပွင့်နဲ့တစ်ခါတည်း လူ့ပြည်၊ နတ်ပြည် အကြိမ်ကြိမ်ခံစား၍ နောက်ဆုံးပိတ် နိဗ္ဗာန်ဝင်တယ်ဆိုတဲ့စကားဟာ မယုံနဲ့ ... (မှန်လှပါ)။

## သစ္စာမမြင် နိဗ္ဗာန်မဝင်

သစ္စာမမြင်ဘဲနဲ့ ဝင်ကိုမဝင်ဘူး။ ရှင်းပလား .. .... (ရှင်းပါပြီဘုရား)။ သစ္စာမမြင်ဘဲနဲ့ ... (နိဗ္ဗာန်မဝင်ပါဘုရား)။ နိဗ္ဗာန် မဝင်ဘူးဆိုတာ ဒကာ၊ ဒကာမတွေ သေချာပလား ... (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဟိုဟာက သစ္စာမြင်မှ နိဗ္ဗာန်ဝင်တယ်ဆိုတာကို သာလျှင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက အမှန်ထားပါ ... (မှန်ပါ့)။

ဒီပြင်ဟာတွေက သစ္စာမြင်တဲ့ ဇာတ်ထုပ်ကို ... (လ)ထိုး ထားတယ်။ ဘရက်ကက်ညှပ်ပစ်တယ် ... (မှန်ပါ့)။ အဲဒါမထည့်ဘဲ ပျောသွားတယ်၊ တရားဟောကတည်းက လွဲနေပြီ။

သူ့ကို ... (လ)ထိုးပစ်ခဲ့တယ်ဆိုတော့ ဦးမြ သစ္စာမမြင်ဘဲနဲ့ ဘုရားကော်ဖြစ်ရဲ့လား ... (မဖြစ်ပါဘုရား)။ သောတာပန်၊ သကဒါဂါမ် ... (မဖြစ်ပါဘုရား)။ နို့ ... ဘယ့်နှယ်ကြောင့် သူတို့က ပန်းတစ်ပွင့်နဲ့ နိဗ္ဗာန်ဝင်တယ်လို့ ပြောရသတုန်းဆိုတော့ အို... သစ္စာမပျောမိလို့ ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ ဘုရား)။

## သစ္စာတရားကိုသာ ဆည်းကပ်ကိုးကွယ်ပါ

ဒါဖြင့် သစ္စာမှတစ်ပါး ကျုပ်တို့မှာ ကိုးကွယ်စရာ၊ ဆည်းကပ်စရာမရှိဘူး ... (မရှိပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ညီတော် အာနန္ဒာကိုမှာတယ်။ မင်းဆွေမျိုး ဉာတကာတွေ၊ မင်း ဒကာ၊ ဒကာမတွေ သနားလို့ရှိရင်ဖြင့် သစ္စာသိအောင် လုပ်ပေးပါကွာ ... (မှန်ပါ)။

ငါ ... ဒါကို အရေးတကြီးမှာပါတယ်ဆိုတော့ လိုရင်းစကား ပြောတာ ဒါပြောသွားတယ် ... (မှန်လှပါ)။ ရှင်းပလား ... (ရှင်းပါပြီ ဘုရား)။

နို့ ... ပန်းတစ်ပွင့်နဲ့ နိဗ္ဗာန်ရောက်တာတွေ ဘုရားမဟောခဲ့ ဘူးလားဆိုတော့ ဟောခဲ့တာပေါ့တဲ့။ ဒကာ၊ ဒကာမတို့ မဟောဘဲ တော့ ဘယ်ရှိမတုန်း။ ငါ့ရှေ့တွင်တော့ အပါယ်မသွားစေနဲ့။ ရော့ ... ပန်းတစ်ပွင့် လှူလိုက်ကွာ။ သုဂတိပို့လိုက်တယ် ... (မှန်ပါ့ဘုရား)။ ကိုယ့်ရှေ့တွင် သေချင်းဆိုးသေတာ မကြည့်ချင်လို့ ... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

## ဉာဏ်ချိန်ခွင်လိုတယ်

ဒါဖြင့် ခင်ဗျားတို့က တရားနာတယ်ဆိုပေမယ့် မချိန်တတ် တော့ဘူး၊ ချိန်ခွင်ကလေးမပါတော့ သိပ်ခက်တယ်၊ ဩော် ...

ဒီတရားကတော့ဖြင့် သစ္စာမှ ဝင်တာအမှန်ပဲ။ ဒီပြင်ဟာတွေကတော့ သစ္စာကိုသိဖို့ အခြံအရံတွေပဲဆိုတာ ဝေဖန်သိရမယ် … (မှန်ပါ့)။ ပေါ်ကြပလား … (ပေါ်ပါပြီ)။

ဒီပြင် ဒါနတရား၊ သီလတရားတွေက ဘာတွေပါလိမ့် … (အခြံအရံတရားတွေပါဘုရား)။ တကယ် နိဗ္ဗာန်ပန်းတိုင် ဝင်ရမှာကတော့ ဘယ်သူပါလိမ့် … (သစ္စာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးကတော့ ဒီအခြံအရံတွေတော့ ခင်ဗျားတို့ နာဖူးကြပြီ၊ သိဖူးကြပြီ၊ ဘုန်းကြီးပြောဖို့ မလိုပါဘူး … (မှန်ပါ့)။ လိုရင်းပဲ ပြောပါ့မယ်။ ဒကာ၊ ဒကာမတို့ ဘာပြောလိမ့်မယ် ထင်သတုန်း … (လိုရင်းပဲပြောလိမ့်မယ်)။ လိုရင်းပဲ ပြောလိမ့်မယ် ဆိုတာ သေသေချာချာမှတ်ပါ … (မှန်ပါ့)။

အဲဒီတော့ လိုရင်းဟာ ဘာပါလိမ့်မလဲလို့ ဒကာ၊ ဒကာမ တွေက မေးလို့ရှိရင်ဖြင့် မနေ့က ဝဍ္ဍဂေါတ္တမေးတာကို ပဓာနထား လိုက် … (မှန်ပါ့)။

အရှင်ဘုရား … လူဟာ သူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရပ့ါမလားဆိုတော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ … (မရပါဘူး တဲ့။) မရဘူးတဲ့ … (မှန်ပါ့)။ ကဲ … သံယောဇဉ်ဟာ ဘယ်လောက် ဆိုးသလဲ … (မှန်ပါ့ဘုရား)။

ကျုပ် ဒီသံယောဇဉ်ကြောင့် ခက်နေတယ်လို့ ခင်ဗျားတို့က ညည်းလုံးထုတ်နေတာဟာ နည်းပါသေးတယ်။ နည်းပါသေးတယ်။

စင်စစ်တော့ နိဗ္ဗာန်ကို မရတော့ဘူးဆိုတော့ သူ့ကန့်ကွက် ချလိုက်တယ် ... (မှန်ပါ့)။ ပလိဗောဓ ပစ္စုပဋ္ဌာနာ ဦးမြ... (မှန်ပါ့)။

## သမုဒယသည် မဂ်ဖိုကို တားတယ်

မဂ်ဖိုလ်ကို တားမြစ်ခြင်းကိစ္စဟာ သမုဒယ ... (မှန်ပါ့) မဂ်ဖိုလ်ကိုတားတာဟာ ဘယ်သူပါလိမ့် ... (သမုဒယပါဘုရား) သမုဒယပဲဆိုတာ သေချာကြပလား ... (သေချာပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေကလည်း ကျုပ်လူလာတိုင်း ညွှေ့ခံနေတာ။ ကျုပ်ဟာ ကျောင်းကန်ဘုရား တရားနဲ့ နေချိန်ရောက်ပေမယ့် ဟောဒါကလေးတွေကြောင့် ခက်တယ်လို့ လုပ်မနေနဲ့။

ဒီသမုဒယကို လက်ညှိုးညွှန်ပြီး ဂုဏ်ယူမနေနဲ့ ... (မှန်လှပါ)။ မဟုတ်ဘူးလား ... (မှန်ပါ့)။ ခက်ချင်လို့ရှိရင် ကိုယ့်ကြောင့် ခက်နေတယ်လို့ ပြောလိုက်စမ်းပါ ... (မှန်ပါ့ဘုရား)။

ဦးညွှန့်ကြီးဘယ့်နှယ်ပြောမယ် ... (ကိုယ့်ကြောင့် ခက်နေတာပါဘုရား)။ ကိုယ့်ကြောင့် ခက်နေတာ ခင်ဗျားတို့က ဟိုလွှဲချ ဒီလွှဲချနဲ့ ... (တင်ပါ့)။ အတော်ဆိုးတဲ့လူတွေလို့ဆိုရင် မောင်ဘအေး ... လွဲပါ့မလား ... (မလွဲပါဘုရား)။

မလွဲဘူးကွ၊ အဲဒါကြောင့် ကလေးကသာ သစ္စာသိမယ် ဆိုရင်ဖြင့် ကျွန်တော်တို့ကြောင့် မခက်ပါနဲ့။ အမေ အဖေမှာ

ခင်တတ်တဲ့ စိတ် မဖြုတ်နိုင်လို့ ခက်တယ်လို့ ညည်းပါလို့ ပြောလိုက်ရင် မိုးကြိုးပစ်တာထက် နာသေးတယ် ... (မှန်ပါ့ဘုရား)။ မနာဘူးလား ... (နာပါတယ်ဘုရား)။ သေသေချာချာ နာတယ်ဆိုတာ သဘောပါပလား ... (ပါ,ပါပြီဘုရား)။

## မိုက်တာ မိုက်မှန်းသိရင် လူလိမ္မာ

အေး ... ဒါကြောင့် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေမှာ ကိုယ့်ကိုယ်ကို မိုက်မှန်းမသိတာက အတော်ဆိုးတယ် ... (မှန်ပါ့ဘုရား)။ ကိုယ့်ကိုယ်ကို မိုက်မှန်းသိရင် ဦးသန်းမောင် လူလိမ္မာတဲ့ ... (မှန်ပါ့ဘုရား)။ မိုက်မှန်းမှ မသိတဲ့ပုဂ္ဂိုလ်ဟာ မိုက်သထက်မိုက်တဲ့ ပုဂ္ဂိုလ်လို့ ဓမ္မပဒက သေသေချာချာဟောတယ် ... (မှန်ပါ့)။

မိုက်မှန်းသိရင် ဘာတုန်း ... (လူလိမ္မာပါဘုရား)။ မိုက်တာကိုမှ ကိုယ်က လူလိမ္မာထင်နေရင် ... (မိုက်သထက်မိုက်ပါတယ်ဘုရား)။

မိုက်သထက် မိုက်တဲ့အထဲမှာ ဒီထဲက ဘယ်သူများ ပါပါလိမ့်မတုန်း။ အကဲခတ်ကြည့်ပါဦး ... (မှန်ပါ့၊ အကုန်လုံးပါပဲဘုရား)။ အားလုံးပဲလား ... (အားလုံးပါဘုရား)။

အားလုံးဆိုလို့ရှိရင် ဦးမြရေ ... အတော်ဆိုးရွားသွားပြီ၊ အတော်ဆိုးရွားသွားပြီ။

သို့သော်လည်းတဲ့။ ဆေးကြောပေးမည့်သူမရှိရင် အညစ်အကြေးရှိမြဲပဲ ... (မှန်ပါ့)။ ဆေးကြောတဲ့နည်းကို ပေးလိုက်လို့ရှိရင်ဖြင့် အညစ်အကြေးရှိစရာ လိုသေးသလား ... (မလိုပါဘုရား)။

## လူ့သံယောဇဉ်ကိုဖြတ်

ကဲ ... ဒါဖြင့် လူဟာ လူ့သံယောဇဉ်ကိုဖြတ်နိုင်ရင် အိမ်မှာနေတုန်း မတ္တနဲ့ သမုဒယ၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့)။ ဒီနေ့တရားကို ဟောလိမ့်မယ် ... မှန်ပါ့ဘုရား)။

လူဟာ လူ့သံယောဇဉ်ကြားထဲမှာပဲ သမုဒယဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို ရပါလိမ့်မယ်လို့ ဘုန်းကြီးပြောတာကိုသာ ခင်ဗျားတို့က လိုက်နာလုပ်ကြမယ်လို့ရှိရင်ဖြင့် အိမ်ပြင်လည်း မထွက်ပါနဲ့။ ဘယ်ယောဂီကျောင်းမှလည်း မသွားပါနဲ့ ... (မှန်ပါ့ဘုရား)၊ သေသေချာချာရမယ်။

လိုရင်းတော့ နိဗ္ဗာန်က ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း ဒီဦးသံဒိုင်တိုက်မှာလည်း နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့ဘုရား) ရှိတာပဲ။

## သမုဒယဒုက္ခချုပ်တဲ့နေရာနိဗ္ဗာန်

နိဗ္ဗာန် ဘယ်နေရာမှာရှိသတုန်းဆိုတော့ အို ... သမုဒယ ဒုက္ခချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ့ ... (မှန်ပါ့ဘုရား)။ ဒါဖြင့် နိဗ္ဗာန်သည်

အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာရှိတယ် ... (ရှိပါတယ် ဘုရား)။ နိဗ္ဗာန်ဝေးသလား ... (မဝေးပါဘုရား)။

ဘယ့်နှယ်ကြောင့် ဝေးတယ်ပြောနေကြပါလိမ့်မတုန်း မေးလို့ရှိရင် ဦးမြကြီးရေ မသွားတတ်လို့ ဝေးနေတာ ... (မှန်ပါ့ ဘုရား)။ သဘောကျပလား ... (ကျပါပြီဘုရား)။ ဘယ့်နှယ်ကြောင့် ဝေးပါလိမ့် ... (မသွားတတ်လို့ ဝေးနေတာပါဘုရား)။ သွားတတ် တော့ ဒီ ဦးသံဒိုင်မှာပဲ ရှိတယ် ... (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ဘယ်နေရာမှာရှိ

အဲဒီတော့ နိဗ္ဗာန်ဆိုတာ ဒကာ၊ ဒကာမတို့ မသိဘဲလည်း မရှိပါနဲ့။ သိအောင်လည်း လုပ်ထားရမယ်နော်။ ဘယ်နေရာမဆို ရှိတယ်ဆိုတဲ့ ဉာဏ်ကိုလည်း ဆုံးဖြတ်ချက်ချပါ ... (မှန်ပါ့ဘုရား)။

သမုဒယချုပ်တဲ့နေရာ လူ့သံယောဇဉ်စွန့်တဲ့အချိန် အခိုက် အတန့်မှာ နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့)။

အဲဒီတော့ ဒကာ၊ ဒကာမတို့ ဒီမှာကြည့်ပါ။ မနေ့က စိတ်ဘယ်နှစ်မျိုး ဟောထားသတုန်း ... (ဆယ့်နှစ်မျိုးဟောထားပါ တယ်) ဆယ့်နှစ်မျိုးဟောထားတယ် ... (မှန်ပါ့)။ စိတ်ဘယ်နှမျိုး ဟောထားသတုန်း ... (ဆယ့်နှစ်မျိုးဟောထားပါတယ် ဘုရား)။

## ဖြစ်မှု၊ ပျက်မှုသဘောကို ဉာဏ်နဲ့ကြည့်

အဲ ... ဆယ့်နှစ်မျိုးဟာ ခင်ဗျားတို့လှည့်ပြီး မပေါ်ပေဘူးလား ... (ပေါ်ပါတယ်ဘုရား)။ ပေါ်တော့ အဲဒါကလေးတွေဟာ ဒကာ၊ ဒကာမတွေက ဩော် ... ဒါကလေးတွေဟာ ဖြစ်မှုပျက်မှုသဘောပါကလားလို့ ဒီကနေ ဉာဏ်နဲ့ကြည့်ပါ ... (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ ဒီနားကနေ မဂ်ဆိုက်အောင်ကြည့်။ ဝိပဿနာမဂ်ကလေးက ဒီကနေကြည့်ပါ ... (မှန်ပါ့)။ ဒကာ၊ ဒကာမတွေ

ကြည့်လိုက်တဲ့အခါကျတော့ ဒီစိတ်တွေ၏ ဖြစ်မှု၊ ပျက်မှု၊ မမြင်ပေဘူးလား ... (မြင်ပါတယ်ဘုရား)။ မြင်တဲ့အခါကျလို့ရှိရင် မဂ်သည် ဒီကိလေသာဖြတ်တယ်ဆိုရင်ကော မဟုတ်ဘူးလား ... (ဟုတ်ပါတယ်)။ ဆက်နိုင်သေးသလား၊ ဒီမြားကလေးက ပြတ်မသွားဘူးလား ... (ပြတ်သွားပါတယ်)။ ပြတ်သွားတဲ့အခါကျလို့ရှိရင် တဏှာဥပါဒါန်မချုပ်ဘူးလား ... (ချုပ်ပါတယ်ဘုရား)။

## နိဗ္ဗာန်ဝေးသလား၊ နီးသလား

ဒါဖြင့် ဒီနေရာမှာ နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့)။ မရှိဘူးလား ... (ရှိပါတယ်)။ ဒီပြတ်တဲ့နေရာမှာ မဂ်ဉာဏ် ... (မှန်ပါ့) ဒီဘက်က နိဗ္ဗာန် ... (မှန်ပါ့)။ ပြတ်တဲ့နေရာက ... (မဂ်ဉာဏ်)၊ ဒီဘက်က မလာတာတွေက ... (နိဗ္ဗာန်ပါဘုရား)။ အနီးကလေးပါလား၊ ဒကာ၊ ဒကာမတို့ ဝေးသလား၊ နီးသလား ... (နီးပါတယ်ဘုရား)။

နီးလျက်နဲ့မရောက်တာ ဘာဖြစ်လို့တုန်းဆိုတော့ မဖြတ်လို့ ... (မှန်ပါ့)။

## ကိုယ့်စိတ်ကိုယ် ဝိပဿနာရှု

ကဲ ... သခင်ဝတင်တို့ ဦးမြတို့ သားနဲ့၊ မယားနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ အလုပ်နဲ့၊ အကိုင်နဲ့ နေတာပေါ့ဗျာ ... (မှန်ပါ့)၊ နေပေမယ့် ညဏ်က ကိုယ့်စိတ်ကလေးကို ကိုယ်ဝိပဿနာရှုပေး ... (မှန်ပါ့ဘုရား)၊ ကိုယ့်စိတ်ကိုယ် ဝိပဿနာရှုလိုက်တဲ့အခါကျတော့ ဒကာ၊ ဒကာမတို့ ၂က ၃ကူးသေးသလား ... (မကူးပါဘုရား)။ မကူးတော့ကို ဘာကြောင့် မကူးသတုန်းဆိုတော့ ဒီနေရာမှာ ဝိပဿနာမဂ်ပေါ်နေတယ် ... (မှန်ပါ့)။ မပေါ်ဘူးလား ... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာမဂ်သည် ဒကာ၊ ဒကာမတို့ ဒီဘက်က သမုဒယသစ္စာသေ,မသေ၊ မသေဘူးလား ... (သေပါတယ်ဘုရား)။

ဒီဘက်က ဒုက္ခသစ္စာလာသေးသလား၊ မလာဘူးလား ... (မလာပါဘုရား)။

## နေရာရွေးမနေနဲ့ အလုပ်လုပ်ဖို့ကလိုရင်း

ဒါဖြင့် ဒကာ၊ ဒကာမတို့ လုပ်တဲ့အချိန်မှာ လိုရင်းပါ ... (မှန်လှပါဘုရား)။ တောကျောင်း၊ တောင်ကျောင်းအောင်းမှ ရမယ်လို့ ဒီလိုအယူမယူလိုက်ပါနဲ့ ... (မှန်ပါ့)။

ကိုယ့်ဝမ်းထဲကနေပြီးသကာလ ကိလေသာတောကို ဒီနေရာကဖြတ်ရင် ဒီနေရာကရတယ် ... (မှန်ပါ့)။ ဟိုနေရာသွားဖြတ်ရင် ... (ဟိုနေရာမှာရပါတယ်)။ ဟိုဟာက သမထတွေအတွက် တောကျောင်းတောင်ကျောင်းက သေသေချာချာဟောရပါတယ် ... (မှန်ပါ့)။

ဝိပဿနာဟာ နေရာမရွေးရဘူး၊ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)။ ဝိပဿနာဟာ ... (နေရာမရွေးရပါဘုရား)။ နေရာမရွေးရဘူး၊ ခင်ဗျားတို့က လုပ်လည်းမလုပ်ချင်ဘူး။ နေရာရွေးနေတာနဲ့ သေပွဲသာဝင်သွားတာပဲ ... (မှန်ပါ့ဘုရား)။ လုပ်လည်း မလုပ်ချင်ပဲကိုး ... (မှန်ပါ့)။ နေရာက မဟုတ်ဘူး ... ရန်ကုန်မြို့ဆိုတာ သိပ်ဆူတာ၊ သိပ်သာဆူတယ်ဆို ညကျတော့ အိပ်ဖြစ်သား၊ သူ့ဟာ ... (မှန်ပါ့ဘုရား)။

ဝိပဿနာလုပ်မဖြစ်တာကိုးဗျ ... (မှန်ပါ့)။ ညတော့လည်း အိပ်ဖြစ်သား၊ အတော်ခက်နေတာ။ အဲဒီမှာ ကိလေသာကဝင်ပြီး ဆင်ခြေလဲနေတယ် ... (မှန်ပါ့)။ ဘယ်သူကဝင်ပြီး ဆင်ခြေလဲသလဲ ... (ကိလေသာက ဆင်ခြေလဲပါတယ်)။

## ကိလေသာရှေ့နေကို လက်မခံပါနဲ့

အဲဒီကိလေသာရှေ့နေ လက်ခံကတည်းက ငါးပါးမှောက်နေတယ် ... (မှန်ပါ့ဘုရား)။ ရိပ်မိပလား ... (ရိပ်မိပါပြီ)။ ဘယ်သူ့ကို

လက်ခံမိလို့ ... (ကိလေသာရှေ့နေပါ)၊ ကိလေသာ ရှေ့နေလက်ခံမိလို့ဆိုတော့ မောင်ကိုရိုပ်မိပလား ... (ရိပ်မိပါတယ်ဘုရား)။

ရိပ်မိပြီနော် ... ၊ ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့လူဟာ လူ့သံယောဇဉ်မစွန့်ဘဲ နိဗ္ဗာန်ရပ့်မလား ... (မရနိုင်ပါဘုရား)။

ကဲ ... အလုပ်လုပ်လိုက်ပြီ။ ကျုပ်တို့က စိတ်ကို ဖြစ်ပျက်ရှုလိုက်ပြီ၊ ဒီကနေပြီးတော့ ... (မှန်ပါ့)။ ရ, မရ ... (ရပါတယ်ဘုရား)။

ဒီဘက် သံယောဇဉ်တွေ လာသေးသလား ... (မလာပါဘုရား)။

သံယောဇဉ်ဆိုတော့ တဏှာ၊ ဥပါဒါန် ကံ၊ သမုဒယသစ္စာ၊ ဒါ သံယောဇဉ်တွေပေ့့ ... (မှန်ပါ့)၊ ဦးညွှန့်ကြီးလာသေးရဲ့လား ... (မလာပါဘုရား)။

ကဲ ... ဒီနေရာတွင် ခင်ဗျား အဲဒီလိုမှိုပြီးလုပ်လိုက်၊ ဒါ လာသေးရဲ့လား ... (မလာပါဘုရား)။ မလာလို့ရှိရင် ဒီနေရာမှာ နိဗ္ဗာန်ရှိတယ် ... (မှန်ပါ့)။

တဏှာသိမ်း နိဗ္ဗာန်၊ ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတော့ သခင်ဝတင် သေချာပလား ... (သေချာပါပြီ)။

ဒီဘက်က တဏှာမလာတာလည်း နိဗ္ဗာန်ပဲ ... (မှန်ပါ့)။

ဒီဘက်က ဒုက္ခမလာတာကကော ... (နိဗ္ဗာန်ပဲ)။

ဒါဖြင့် နေရာရွေးဖို့ လိုသေးသလား၊ မလိုဘူးလား ... (မလိုပါဘုရား)။ သဘောပါပလား ... (ပါ,ပါပြီ)။

## နည်းပေးမယ့်ဆရာကိုသာရှာပါ

သို့သော် နည်းမသိသေးရင် နည်းပေးမည့်ဆရာတော့ ရှာရလိမ့်မယ်။ ... (မှန်လှပါဘုရား)။ မရှာရပေဘူးလား ... (ရှာရပါမယ်)။ ရှာရမယ်ဆိုတော့ မောင်ထွန်းရင် သေသေချာချာ မှတ်ပါ။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေနောက်မှ နောင်တရတဲ့အဖြစ်ကိုဖြင့် အင်မတန်သနားတယ်နော် ... (မှန်ပါ)။ အခု နောင်တရတာတောင် နောက်ပိုင်းအတော် ကျသွားပြီ ... (မှန်လှပါ)။ အခု နောင်တရတာတောင် ... (နောက်ပိုင်းအတော်ကျသွားပါပြီ ဘုရား)။

နောက်ပိုင်းကျသွားပြီတဲ့။ ရှေ့ပိုင်းက ခင်ဗျားတို့ကို ကိလေသာခိုးတာနဲ့ ကံကောင်း၊ ဉာဏ်ကောင်းတွေ ကုန်ခဲ့ပြီ ... (မှန်လှပါဘုရား)။ ကံမွဲ ဉာဏ်မွဲမှ ဆရာဘုန်းကြီးဆီ ရောက်လာတယ် .. (မှန်လှပါဘုရား)။ အတော်ဆယ်ရမယ် ... (မှန်လှပါ)။

ကံကောင်း ဉာဏ်ကောင်းတွေက ဘယ်သူက ဖြုန်းပစ်ခဲ့သလဲ ... (ကိလေသာက ခိုးတာပါဘုရား)။ ကိလေသာခိုးတာနဲ့ ကုန်ခဲ့ကြရတယ် ... (မှန်ပါတယ်ဘုရား)။

## ကံမွဲညဏ်မွဲမှ ရောက်လာကြတာ

ကံမွဲ၊ ညဏ်မွဲကျတော့ ကဿပါဦးဘုရား၊ ယူပါဦး ဘုရား ... အရှင်ဘုရားမှတစ်ပါး ကယ်မည့်သူ မရှိဘူးဘုရားဆိုတော့ ဒကာ၊ ဒကာမတို့ အတော်ခက်နေတယ် ... (မှန်ပါ့) ဦးမြကြီးလည်း ရောက်လာတော့ အသက်ခုနှစ်ဆယ်ဗျ ... (မှန်ပါ့ဘုရား)။ ရိပ်မိပလား ... (ရိပ်မိပါပြီ)။ အဲဒီတော့ ဘယ်အချိန်ရောက်လာ သတုန်းလို့ မေးလို့ရှိရင် ဒကာ၊ ဒကာမတွေ ဖြေကြစမ်းပါ ... (ကံမွဲ၊ ညဏ်မွဲမှ ရောက်လာတာပါဘုရား)။

ကံကောင်း၊ ညဏ်ကောင်းတွေ ဘယ်များထားခဲ့ပါလိမ့် ... (ကိလေသာခိုင်းလို့ပါဘုရား)။ ဩော် ... သားရေး၊ သမီးရေး၊ စီးပွားရေး ကျွန်နယ်ထဲ ဖြုန်းပစ်ခဲ့တယ် ... (မှန်လှပါ)၊ သခင်ဖြစ်မည့် အလုပ်ကျလာတဲ့အခါကျတော့ ကံမွဲ၊ ညဏ်မွဲနဲ့ လာတော့ အတော်လုပ်ရမယ် ... (မှန်ပါ့)၊ မလုပ်ရပေဘူးလား ... (လုပ်ရပါမယ်ဘုရား)။

## အဖြစ်ဆိုးနဲ့ကြုံခဲ့ရပြီ

အဲဒါကြောင့် ခင်ဗျားတို့ အဖြစ်ဆိုးကြီးနဲ့တော့ သေသေ ချာချာ ကြုံပြီဆိုတာတော့ဖြင့် ဒကာ၊ ဒကာမတွေ သံသယမရှိနဲ့ ... (မှန်လှပါဘုရား)။

ကိုင်း ... ဒါဖြင့် အချိန်ရှိတဲ့ အချိန်ကလေး ဘုရားကယ်တော်မူပါ။ ယူတော်မူပါဆိုတာ ဦးမြတို့ တောင်းပန်ရုံပဲရှိတော့တယ်။ ဒီပြင် ဘာမျှမရှိတော့ဘူး ... (မှန်ပါ့)။

တပည့်တော်တို့မှာ ဘုရား၊ သွားကလည်း အရင်သွားမဟုတ်ဘူး၊ ဆံပင်ကလည်း အရင်ဆံပင်မဟုတ်ဘူး ဘုရား။ ဉာဏ်ကလည်း အရင်ဉာဏ်မဟုတ်တော့ဘူးဘုရား၊ ကံမွဲ၊ ဉာဏ်မွဲဆိုတာတော့ သေချာပြီဘုရား၊ ဒီအထဲက ကယ်ယူရမယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရောက်နေတယ် ... (မှန်ပါ့)၊ မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား)။

## စိတ္တာနုပဿနာရှု ကိုယ့်စိတ်ကိုယ်အကဲခတ်

ကဲ ... ဒါဖြင့် ခင်ဗျားတို့ကို သေသေချာချာပြပါမယ်တဲ့၊ ဒကာ၊ ဒကာမတို့ ... စိတ္တာနုပဿနာရှုပါ။ ဦးမြ ဘာတဲ့တုန်း ... (စိတ္တာနုပဿနာရှုပါ)။

နောက်က ဒကာ၊ ဒကာမတွေ ဘာရှုရမလဲ ... (စိတ္တာနုပဿနာရှုရမယ်)။

စိတ္တာနုပဿနာ ရှုရမယ်။ စိတ္တာနုပဿနာကို ဘယ်သူဟောခဲ့သတုန်း ... (ဘုရားဟောတယ်) ဘုရားဟောတယ်။ နောက်အရှင်သာရိပုတ္တရာ ဆက်ဟောတယ် ... (မှန်ပါ့)။

ကြွာ့တဲ့ ... သူတစ်ပါးစိတ် အကဲခတ်ရတာ မှားသည့်ရှိ၊ မှန်သည့်ရှိတဲ့ ... (မှန်ပါ့)၊ သူတစ်ပါးစိတ် အကဲခတ်ရတာ ...

(မှားသည်ရှိ၊ မှန်သည်ရှိပါဘုရား) ကိုယ့်စိတ်ကို ကိုယ့်ဉာဏ်နဲ့ အကဲခတ်ရင် မှားပါ့မလား ... (မမှားပါဘုရား)။ ကိုယ်လိမ်တာလည်း လိမ်ခဲ့တယ်လို့ ကိုယ်သိတယ် ... (မှန်ပါ့)။ ကိုယ်ကောင်းခဲ့တာကော ... (ကိုယ်သိပါတယ်ဘုရား) သိတော့ ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်အရှိကို ကိုယ်သိဖို့ အရေးကြီးတယ် ... (မှန်လှပါဘုရား)။

ဒကာ၊ ဒကာမတို့ ... ဘာတဲ့တုန်း ... (ကိုယ့်အရှိကို ကိုယ်သိဖို့ အရေးကြီးပါတယ်ဘုရား)။ မသိစရာကော ရှိရဲ့လား... (မရှိပါဘုရား)။ ဝေဒနာဆိုရင် စောင့်နေရသေးတယ် ... (မှန်ပါ့) စိတ်ကတော့ စောင့်ရသေးရဲ့လား ... (မစောင့်ရပါဘုရား)။

ဥပမာ ... ရှူနေတယ်ဆို ရှူစိတ်သိတယ်။ ရှိုက်တယ်ဆိုရင်ကော ... (ရှိုက်တဲ့စိတ် သိပါတယ်ဘုရား)။ လိမ်တယ်ဆိုရင်ကော ... (လိမ်တဲ့စိတ်သိပါတယ်ဘုရား)။ ဒေါသဖြစ်တယ်ဆိုရင်ကော ... (ဒေါသစိတ်သိပါတယ်ဘုရား)။

## နိဗ္ဗာန်လိုချင်ရင် ကိုယ့်စိတ်ကို၊ ကိုယ်အကဲခတ်ပါ

ဒါဖြင့် ဒီဥစ္စာက ကမ္မဋ္ဌာန်းတွေပဲတဲ့။ ဒကာ၊ ဒကာမတွေ အထူးရှာစရာလိုသေးသလား ... (မလိုပါဘုရား)။ ဒါဖြင့် အရှင်ဘုရား ပြောလို့ အရှင်သာရိပုတ္တရာကလည်း၊ ကွာ ... တဲ့။ "သူတစ်ပါး စိတ်အကဲခတ်တာ မှားသည်ရှိ၊ မှန်သည်ရှိတယ်။ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာနဲ့ နိဗ္ဗာန်ရောက်ပါတယ်" တဲ့ ... (မှန်လှပါ

ဘုရား)။ သဘောကျပလား ... (ကျပါပြီဘုရား)။ ကိုယ့်စိတ်ကို ... (ကိုယ်အကဲခတ်တာနဲ့ နိဗ္ဗာန်ရောက်ပါတယ်)။

ဒကာ၊ ဒကာမတွေ ဘာတဲ့တုန်း ... (ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာနဲ့ နိဗ္ဗာန်ရောက်ပါတယ်တဲ့) ကိုယ့်စိတ်ကို အကဲခတ်ဖို့ ရာသည် သူတစ်ပါးတိုင်ပင်စရာလိုသေးသလား ... (မလိုပါဘုရား)။

ဒါဖြင့် နေရာကျပြီ ... (မှန်ပါ့)။ နေရာကျပြီ ဒကာ၊ ဒကာမတို့၊ တရားတော့ မိတော့မယ်၊ တရားသေသေချာချာ ဖမ်းမိတော့မယ်ဆိုတာ တရားဟာ အရှာခက်လိုက်တာဘုရား၊ တပည့်တော်က အနိစ္စကလေးဟာ သိပ်အရှာခက်တာပဲလို့ ခင်ဗျားတို့ ငြီးလုံးထုတ်တယ်။ မထုတ်ပါနဲ့ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတွေ ငြီးလုံး မထုတ်ပါနဲ့။ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်နိုင်လို့ရှိရင် ဝိပဿနာ ... (မှန်ပါ့)၊ ကိုယ့်စိတ်ကို... (အကဲခတ်နိုင်လို့ရှိရင် ဝိပဿနာပါဘုရား)။

## မရှိတာ အနိစ္စ၊ သိတာ မဂ္ဂ

ကဲ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ နံနက်အိမ်က လာတဲ့ အခါ ကော်ဖီကလေး ဘာကလေးသောက်ပြီးခဲ့ပလားလို့ မေးလိမ့်မယ် ... (မှန်ပါ့၊ သောက်ပြီးခဲ့ပါပြီ။)

အဲဒီသောက်တဲ့စိတ်ကလေးဟာ ဒကာ၊ ဒကာမတို့အကဲခတ်ပါ။ ဒီကနေပြီးတော့ အကဲခတ်ကြည့် ရှိသေးသလား၊ မရှိတော့ဘူးလား ... (မရှိပါဘုရား)။

ဟာ ... ဒါဖြင့် မရှိတာ သိတာပဲဗျ ... (မှန်ပါ့ဘုရား)၊ မရှိတာသည် ဒကာ၊ ဒကာမတို့ ဒီမှာအနိစ္စ ... (မှန်ပါ့ဘုရား)။

သိတာသည် ဒီအစပ်ကလေးဖြတ်တဲ့ မဂ္ဂ ... (မှန်ပါ့ဘုရား)။

မရှိတာက ... (အနိစ္စပါဘုရား)၊ သိတာက ... (မဂ္ဂပါဘုရား)။

အစပ်ဖြတ်တဲ့မဂ္ဂ ... (မှန်ပါ့ဘုရား)။ ရိုးရိုးမဂ်မဟုတ်ဘူး ... (မှန်ပါ့ဘုရား)။ ဒီဘက်ဆက်သေးရဲ့လား ... (မဆက်ပါဘုရား)။

## ရှိတာလည်း သိ၊ မရှိတာလည်း သိ

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တော့ရှိတာလည်း သိတယ်၊ မရှိတာလည်းသိတယ် ... (မှန်ပါ့ဘုရား)။

ရှိတာသိရင် ဥဒယ ... (မှန်ပါ့)။ မရှိတာသိရင် ... (ဝယပါဘုရား)၊ သဘောပါပလား ... (ပါ,ပါပြီဘုရား)။

ရှိတာသိရင် ... (ဥဒယပါဘုရား)။

မရှိတာသိရင် ... (ဝယပါဘုရား)။

အဲဒီတော့ သူမျှားဆီရှာရမှာလား ... အရှင်ဘုရားတပည့်တော် တရားပေးစမ်းပါဦးလို့ တောင်းရမှာလား၊ ဒီဥဒယဗ္ဗယ ကြည့်ရမှာလား ... (ဥဒယဗ္ဗယ ကြည့်ရမှာပါဘုရား)။

## ရှူပြီးသားထပ်တောင်းနေတာခက်တယ်

ဪ ... ဒါ ခင်ဗျားတို့က ဘုန်းကြီးတစ်ပါးလာတယ်ဆို နည်းကလေး ပေးစမ်းပါဦးဘုရား၊ ဟင် ... မင်းမှာ ရှိပြီးသားကြီး၊ မင်းနည်းတောင်းနေတော့ ခက်တယ်၊ မခက်ဘူးလား ... (ခက်ပါတယ်ဘုရား)။

သို့သော်လည်း ... တဲ့၊ နည်းတွေ ဘယ်လိုပဲ ရှိငြားသော်လည်း ဒကာ၊ ဒကာမတွေက မယူတတ်တော့လည်း နည်းရှိမှန်း မသိဘူးပေါ့ဗျာ ... (မှန်ပါ့)။

ကိုင်း ... ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာ ဘာဝိပဿနာတဲ့တုန်း ... (စိတ္တာနုပဿနာပါဘုရား)။ မှတ်ပါ၊ မှတ်ပါ မောင်ဘအေး သေသေချာချာမှတ်ပါ ... (မှန်ပါ့)။

## ဥပမာလေးတွေနဲ့ပြမယ်

ဒါ မင်း ကုလားထိုင်ပေါ်ထိုင်နေရင်းရတယ်။ သေသေချာချာ ရတယ်။ စာကလေးတစ်လုံးရေးပြီးရင် တစ်လုံးရေးပြီးတဲ့ စိတ်ဟာ ရှိသေးရဲ့လား ... (မရှိပါဘုရား)။ အဲ ... မရှိတာဘာခေါ်ကြမလဲ ... (အနိစ္စပါဘုရား)။ သိတာကတော့ ... (မဂ္ဂပါဘုရား)။

စာရေးရင် မဂ်ဆိုက်နိုင်တယ် ... (မှန်ပါ့)။ မဆိုက်နိုင်ဘူး လား ... (ဆိုက်နိုင်ပါတယ်ဘုရား)။ ထမင်းစားရင်းကော ... (မဂ်ဆိုက်နိုင်ပါတယ်)။

ဩော် ... လွယ်လွန်းလို့ နိဗ္ဗာန်မသွားချင်ဘူးလား၊ ခင်ဗျားတို့က ... (မှန်လှပါ၊ သွားချင်ပါတယ်ဘုရား)။ သွားချင်ပါတယ်ဆိုတဲ့ အဓိပ္ပာယ် ဦးမြဲ သေသေချာချာမှတ်ပါ ... (မှန်ပါ့ဘုရား) ကောင်းပြီ။

## ပုထုဇဉ် ပုထုဇဉ်စိတ်ရှိ

ဒါဖြင့် မနာယတနဆိုတာ ခြောက်ခုမြောက်ကစိတ် ... (မှန်ပါ့)။ စိတ်ကိုလည်း ခင်ဗျားတို့က ဘယ်စိတ်ရှုရမှာတုန်းလို့ ဘုန်းကြီးကို လာမမေးနဲ့၊ ခင်ဗျားတို့ ပုထုဇဉ်တွေ ပုထုဇဉ်စိတ်ပဲ ပေါ်မယ် ... (မှန်လှပါဘုရား)။ သဘာကျပလား ... (ကျပါပြီဘုရား)။

ပုထုဇဉ်ဟာ ဘာစိတ်ပေါ်မလဲ ... (ပုထုဇဉ်စိတ်ပေါ်ပါတယ်)။ ဒီပြင် အရိယာစိတ်ပေါ်ပါ့မလား ... (မပေါ်ပါဘုရား)။

## ရှိ မရှိအကဲခတ်ပါ

ဒါဖြင့် ကိုယ့်စိတ်ကိုယ် နောက်က အကဲခတ်မှုကလေး တစ်လုံးကို ဆရာဘုန်းကြီးက တိုးပေးလိုက်မယ် ... (မှန်ပါ့ဘုရား)။ ရှိ၊ မရှိ အကဲခတ်ပါ ... (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဘာကို အကဲခတ်မလဲ ... (ရှိ၊ မရှိ အကဲခတ်ရမှာပါဘုရား)။ ရှိ၊ မရှိ အကဲခတ်ရမယ်ဆိုတာ သေချာပလား ... (သေချာပါပြီဘုရား)။

ဒါဖြင့် မရှိတာသည်ဘုရားဟောတော်မူတဲ့ အနိစ္စ … (မှန်ပါ့ဘုရား)။ သိတာသည် … (မဂ္ဂပါဘုရား)။

မဂ္ဂပဲဆိုတော့ မင်္ဂလာ ဆုတောင်းယူရတာလား၊ မရှိတာကို သိမှ ရတာလား … (မရှိတာသိမှ ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရွှေတိဂုံစေတီတော်သွားပြီး၊ မင်္ဂလာဖိုလ်ရက် တိုတိုနဲ့ ရ,ရပါလို၏ ဘုရားဆိုတော့ စေတီကြီးမို့လို့ မပေးနိုင်ဘူး … (မှန်ပါ့)။

## လိုချင်တာ လူသိရုံပဲ၊ ရမှာမဟုတ်ဘူး

ခင်ဗျားတို့ လိုချင်တာ လူသိရုံပဲရှိတယ် … (မှန်ပါ့ဘုရား)။ ရလည်း ရမှာမဟုတ်ဘူး၊ ရိပ်မိပလား … (ရိပ်မိပါပြီ)၊ ရကော ရပ့်မလား … (မရပါဘုရား) မရဘူးဆိုတာ သေချာကြပလား … (သေချာပါပြီဘုရား)။

ကောင်းပြီ … ဒါဖြင့် ဒကာ၊ ဒကာမတို့ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တတ်ပလား … (ခတ်တတ်ပါပြီဘုရား)။

စားချင်တဲ့စိတ်ပေါ်ရင်လည်း အကဲခတ်တာ နောက်ကလိုက် ပါ… (မှန်ပါ့ဘုရား)။ ရှိသေးသလား၊ မရှိဘူးလား … (မရှိပါဘုရား)။

မရှိတာ ဘာခေါ်မတုန်း … (အနိစ္စပါဘုရား)၊ သိတာသည် … (မဂ္ဂပါဘုရား)။

ဒြော် … ဒါဖြင့် ထမင်းစားရင်းလည်း ခင်ဗျားတို့ ဒီ ၂နံပါတ် တဏှာဥပါဒါန်မပြတ်ဘူးလား … (ပြတ်ပါတယ်ဘုရား)၊ ၄ နံပါတ်ဆိုတဲ့ ဇာတိ ဇရာ မရဏ လာသေးသလား … (မလာပါ)။

ဒါ ဘာဖြစ်လို့တုန်းလို့မေးတော့ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်လို့ … (မှန်ပါ့ဘုရား)၊ ရှင်းကြပလား … (ရှင်းပါပြီ)။

ဒါဖြင့် ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာသည် ဝိပဿနာ … (မှန်လှပါ)၊ ရှင်းကြပလား … (ရှင်းပါပြီ)၊ ကိုယ့်စိတ်ကို ကိုယ် အကဲခတ်တာသည် … (ဝိပဿနာပါဘုရား)။

ဒြော် … ဝိပဿနာဆိုတာ ဒကာ၊ ဒကာမတို့ ဘယ်သွားရှာကြမတုန်း … (ကိုယ့်စိတ်ကို ကိုယ်ပြန်ရှာပါမယ်ဘုရား)၊ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်၊ ခန္ဓာလို သုံးမယ်ကြတော့ စာသံပါနေမှာစိုးလို့ ကြားထဲက စကား မှတ်လိုက်စမ်းတဲ့။

## လူတစ်ယောက်ဟာ စိတ်တစ်ခုနဲ့ အသက်ရှင်တယ်

လူတစ်ယောက်ဟာ စိတ်တစ်ခုနဲ့ အသက်ရှင်နေတယ်ဆိုတာ သေချာပလား … (သေချာပါပြီ)၊ စိတ်ဟာ ဝိညာဏက္ခန္ဓာပေါ့ဗျာ … (မှန်ပါ့)။

အဲဒါကလေးဟာ ဖြစ်ပျက်ပြီးသွားတော့ သူများသေတာလား၊ ကိုယ့်ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာသမား သေတာလား …

(ခန္ဓာသမားသေတာပါဘုရား)၊ ဒါဖြင့် အကဲခတ်တဲ့ဉစ္စာက ကိုယ်သေတာကိုယ်သိတယ် ... (မှန်ပါ့ဘုရား)၊ အကဲခတ်တာက ... (ကိုယ်သေတာကိုယ်သိတယ်)။

ဒါဖြင့် ဒီခန္ဓာကြီးဟာ အမြဲသေနေတယ်လို့ ဦးညွန့်တို့ ဦးမာဒင်တို့ ပြောလိုက်ပြီ ... (မှန်လှပါဘုရား)။

## ကိုယ့်အသေကိုယ်သိတာ ဝိပဿနာ

အမြဲသေနေတာ သိတဲ့အခါကျလို့ရှိရင် ဒကာ၊ ဒကာမတို့ ဩော် ... ကိုယ့်အသေကို ကိုယ်သိတာသည် ဝိပဿနာ ... (မှန်လှပါဘုရား)၊ ကိုယ့်အသေကိုယ်သိတာ ... (ဝိပဿနာပါဘုရား)၊ ရှင်းကြပလား ... (ရှင်းပါပြီ)။

ကိုယ့်အသေကိုယ်သိတာ ... (ဝိပဿနာပါဘုရား)။ ဝိပဿနာပဲဆိုတာ သဘောပါပလား ... (ပါ,ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ပုထုဇဉ်စိတ်သာရှိသောကြောင့် ဘယ်စိတ်ပေါ်ပေါ်ရှု၊ ဘဝင်စိတ်ချန်ပြီး အကုန်ရှု ... (မှန်လှပါဘုရား)။ ရှင်းကြပလား ... (ရှင်းပါပြီ)။ ဘဝင်စိတ်ချန်ပြီးတော့ ... (အကုန်ရှုပါ)။

ဘဝင်စိတ်ဆိုတာ အိပ်စိတ်ပေါ့ ... (မှန်ပါ့ဘုရား)။ တစ်ဝီထိနဲ့တစ်ဝီထိကြား ခြားတဲ့စိတ်ကို ဆိုပါတယ် ... (မှန်ပါ့)။

အဲဒါက ပုထုဇဉ်ဉာဏ်နဲ့လည်း မမြင်ပါဘူး ... (မှန်ပါ့ဘုရား)။ မှန်းရှနေရတယ် ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ,ပါပြီ)။

ဒါကြောင့် ဒကာ၊ ဒကာမတွေ ဝိပဿနာရှု၊ ဝိပဿနာရှု ဆိုတဲ့ ဥစ္စာသည် တခြားလားအောက်မေ့နေတယ်။ ကိုယ့်စိတ်ကို ရှိ,မရှိ အကဲခတ်တာ ဝိပဿနာ ... (မှန်လှပါဘုရား)၊ ကိုယ့်စိတ်ကို ... (ရှိ,မရှိ အကဲခတ်တာ ဝိပဿနာ)။

# ဒုက္ခနိရောဓခေါ်နိဗ္ဗာန်

ဒါဖြင့် မရှိတာသည် ဘာခေါ်တယ် ... (အနိစ္စပါ)၊ သိတာသည် ... (မဂ္ဂပါ)၊ သေတာသည် သမုဒယ ... (မှန်လှပါဘုရား)။

ဒီဟာ ဒီစိတ်ကလေးက မရှိတာ သူက အနိစ္စ၊ ဒီကသိတာက ... (မဂ္ဂပါဘုရား)၊ ဒီဘက်က သေတာတွေက ... (သမုဒယပါ)။

ဟင် ... ဒီဘက်က နောက်ထပ်မလာတာက နိရောဓ ... (နိရောဓပါဘုရား)။ ဒုက္ခနိရောဓ ... (မှန်ပါ့)။ ဒါ နိဗ္ဗာန်ပဲ ... (မှန်ပါ့)။ သဘောပါကြပလား ... (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီအပိုင်းကြီးနဲ့ ပြောရတော့ ပိုရှင်းတယ် ... (မှန်ပါ့ဘုရား)။ မရှင်းဘူးလား ... (ရှင်းပါတယ်

ဘုရား)။ ဟိုအထဲမှာတော့ဖြင့် ဒီဒကာ၊ ဒကာမတွေ စိတ်တွေဟာ ဒီလိုပဲ လည်နေတာပဲဆိုတာကို သတိထားကြပါနော် ... (မှန်ပါ့)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ သစ္စာမသိရင် အင်မတန် ခက်ပါတယ်။ ဘုရားလည်း ဘုရားမဖြစ်ပါဘူး။ ဘယ်သောတာပန်၊ သကဒါဂါမ်လည်း မတည်နိုင်ပါဘူးဆိုတာ ခုနက အစပြောခဲ့ပြီ ... (မှန်ပါ့ဘုရား)။

## ဖြစ်တာပျက်တာ မွေးတာသေတာ

ဖြစ်ပြီးပျက်တဲ့ဥစ္စာသည် ဖြစ်တာဟာ ကိုယ်မွေးတာ မှတ်လိုက်ပါ ... (မှန်ပါ့)။ ပျက်တာက ကိုယ်သေတာ မှတ်လိုက်စမ်းပါ ... (မှန်ပါ့ဘုရား)။ ဖြစ်တာသည် ဘာပါလိမ့် ... (ကိုယ်မွေးတာပါ)။ ပျက်တာသည် ... (ကိုယ်သေတာပါ)။

ဒါဖြင့် ကိုယ့်မွေး၊ သေကို ကိုယ်မြင်ဖို့ အရေးကြီးတယ် ... (မှန်ပါ့ဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီ) ကိုယ့်မွေး၊ သေကို ... (ကိုယ်မြင်ဖို့အရေးကြီးပါတယ်)၊ ကိုယ့်မွေး၊ သေကတစ်ခါက စဉ်းစားလိုက်ပါ။ ဖြစ်တာသည် သေမလို့ဖြစ်တာ ... (မှန်ပါ့ဘုရား)၊ ပျက်တာသည် သေပွဲဝင်တာ ... (မှန်ပါ့)။

ဖြစ်တာသည် ... (သေမလို့ဖြစ်တာ)၊ ပျက်တာသည် ... (သေပွဲဝင်တာ)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ သေမှာနဲ့ သေတာပဲရှိတယ် ...၊ (မှန်လှပါ)။ သေမှာဆိုတာက ဖြစ်ပေါ်လာတာ ... (မှန်ပါ့ဘုရား)။ သေတာဆိုတာက ပျောက်ပျက်သွားတာ ... (မှန်ပါ့)၊ ခင်ဗျားတို့ တစ်ကိုယ်လုံးထဲမှာ ဘယ်စိတ်လာလာ သေမှာ - သေတာ နှစ်ခုမှတစ်ပါးရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါဖြင့် သေမှာကလည်း သေကာနီးဖြစ်သောကြောင့် ဒုက္ခသစ္စာ ... (မှန်ပါ့)၊ သဘောပါပြီ ... (မှန်ပါ့ဘုရား)၊ သေသွားတာလည်း သေခြင်းဆိုး သေသွားသောကြောင့် ရှာတောင် ရှာမတွေ့အောင် သေသောကြောင့် ဘာသစ္စာလဲ ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ ... (မှန်ပါ့)။

သိတာက ... (မဂ္ဂသစ္စာပါဘုရား)။

ဖြစ်ပျက်က ... (ဒုက္ခသစ္စာပါဘုရား)။

## သစ္စာသိလို့ အဖိုးတန်ပြီ

ဒါဖြင့် သစ္စာသိပြီ ... (မှန်ပါ့)။ သူများသစ္စာသိတာလား၊ ကိုယ့်ဒုက္ခကိုယ်သိတာလား ... (ကိုယ့်ဒုက္ခ ကိုယ်သိတာပါ ဘုရား)။

ဟာ ... အဖိုးတန်ပြီ ဒကာ၊ ဒကာမတို့၊ အဖိုးတန်ပြီတဲ့။ သစ္စာသိမှ နိဗ္ဗာန်ရောက်မယ်ဆိုတာကိုး ... (မှန်ပါ့ဘုရား)။ သူများ သေတာလား၊ မိမိဝိညာဏက္ခန္ဓာ သေတာလား ... (မိမိဝိညာဏက္ခန္ဓာ သေတာပါဘုရား)။

ဒါဖြင့် ဝိညာဏက္ခန္ဓာသေတော့ သူနဲ့ဖဿလည်း တွဲနေတယ်။ ဝေဒနာလည်း တွဲနေတယ်။ နာမ်ရုပ်ကလည်း ဝိညာဏ်နဲ့ တွဲလျက်ဆိုတော့ တစ်ကိုယ်လုံး သေတာ ... (မှန်ပါ့ဘုရား)။ သဘောပါကြပလား ... (ပါ၊ ပါပြီဘုရား)။

စိတ်တင်သေတာလား၊ တစ်ကိုယ်လုံး သေတာလား ... (တစ်ကိုယ်လုံး သေတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လက်ဖျစ်တစ်တွက်မှာ ရုပ်ပေါင်း ကုဋေငါးထောင်ကျော်၊ စိတ်ပေါင်း ကုဋေတစ်သိန်းဆိုတာကို မလိုက်နဲ့တော့၊ မလိုက်နဲ့။ လိုက်ရင် မောရုံပဲရှိမယ်။ ဘုရားဖြစ်ပြီးမှ ဟောတဲ့တရား ... (မှန်ပါ့) ဘုရားဖြစ်ပြီးမှ ဟောတဲ့တရား ... (မှန်ပါ့)။

ဘုရားဖြစ်အောင် လုပ်တဲ့တရား မဟုတ်ဘူး ... (မှန်ပါ့)၊ ဒါကလေးခွဲမှတ်စမ်းပါ ... (မှန်ပါ့ဘုရား)။

ဘုရားဖြစ်ပြီးမှ ဟောတဲ့တရားက သူ့အသိဉာဏ်ကျယ်တာကို လူကြည်ညိုဖွယ်ဖြစ်အောင်ပြောတာ ... (မှန်လှပါဘုရား)။

## သူ့အသေသူမြင်လို့ ဘုရားဖြစ်တာ

ဒါကြောင့် ဝီထိတွေ မလိုက်ပါနဲ့ ... (မှန်လှပါဘုရား)။ ဘုရားဖြစ်တုန်းက သူ့အသေ သူမြင်လို့ ဘုရားဖြစ်လာတာ ... (မှန်ပါ့)။

နောက်ဘုရားဖြစ်ပြီးမှ သိတာက သူ့အသေပေါင်း မျက်စိတစ်မှိတ် ကုဋေငါးထောင်ကျော်ဆိုတာ ဘုရားဖြစ်ပြီးမှ သိတာ ... (မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့က ဒါကလေးနဲ့ကိုင်ပေါက်ပြီးငြင်းမနေနဲ့။ ဘုရားဖြစ်ပြီးမှသိတာ ဘာမှမဆိုင်ဘူး ... (မှန်လှပါ ဘုရား)။ ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ဘုရားမဖြစ်ခင်က ဘုရားဖြစ်အောင် အသိကိုသာ ကျုပ်တို့က ရဖို့ အရေးကြီးတယ် ... (မှန်ပါ့ဘုရား)။ သဘောပါပလား ... (ပါ,ပါပြီဘုရား)။

ပြီးတော့ ဒါက ရွှေနောက်မှားမှာ အလွန်စိုးရိမ်တယ် ဆရာဘုန်းကြီးက ... (မှန်ပါ့)။

## ဝိထိကဘုရားမှမြင်တာ

တချို့ပုဂ္ဂိုလ်တွေက မင်းတို့ ဆရာတော် ဦးဝိမလက ဟောနေတာ၊ စာတော့ တတ်ပါရဲ့ကွာ၊ တို့လည်းပဲ သူ့ဆီမှာပဲ မှီခိုခဲ့ရတာပဲ။ အခုတော့ ဝိထိမပါဘူးလို ပြောချင်ပြောမယ်။ ဝိထိက ဘုရားမှမြင်တာ ... (မှန်လှပါ)။

ပုထုဇဥ်က ... (မမြင်ပါဘုရား)။ သူမဖြစ်ခင် မြင်တာလား ... ဖြစ်ပြီးမှမြင်တာလား ... (ဖြစ်ပြီးမှ မြင်တာပါဘုရား)။

အို ... အာသဝေါကုန်ပြီးမှ မြင်တာဖြင့် ခင်ဗျားတို့လည်း အာသဝေါကုန်ပြီးမြင်မှာပဲ၊ အဲဒါကို ... (မှန်ပါ့ဘုရား)၊ အခုကုန်ဖို့

အရေးကြီးတယ် ... (မှန်ပါ့ဘုရား)။ သဘောပါပလား ... (ပါ,ပါပြီ)၊ စာနဲ့ မညီဘူးဆိုပြီး တချို့ကလည်း ဆင်ခြေလဲချင် လဲကြလိမ့်မယ် ... (မှန်ပါ့)။

## ခန္ဓာကိုပြောတာကို အမှန်ယူပါ

စာနဲ့မညီဘူးဆိုတာ စာသည့် ဒကာ၊ ဒကာမတို့ မှတ်ပါ၊ ခန္ဓာမှတ်တမ်းကို ရေးထားတာ ... (မှန်ပါ့)၊ ခန္ဓာကို အမှန်ယူပါ ... (မှန်ပါ့)၊ ခန္ဓာကပြောတာကတော့ ... (မလွဲပါဘုရား)။

ဒါဖြင့် ... ခင်ဗျားတို့မှာ အခု တရားနာကြတဲ့ ဘာတွေနဲ့ နာနေသတုန်းမေးလို့ရှိရင် ခန္ဓာနဲ့နာတယ် ... (မှန်ပါ့)၊ အဲ ... ဒီခန္ဓာကို ဉာဏ်နဲ့ကြည့်ပေးပါ ... (မှန်ပါ့)၊ ခန္ဓာကိုလည်း အများမကြည့်နဲ့၊ စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာတစ်ခုလုံးတည်းကြည့် အကုန်ပါသွားတာပဲ ... (မှန်ပါ့)။

လောကီ ဥပမာ သံယုတ်ပါဠိတော်က ဘယ်လိုလာသတုန်းမေးတဲ့အခါကျတော့ကွာတဲ့၊ ဝါးနှစ်လုံး၊ အဖျားခင်းထိပြီး ထောင်ထားပါတဲ့။ ဝါးနှစ်လုံးအဖျားထိပြီး ထောင်ထားပါတဲ့။ ဒကာ၊ ဒကာမတို့ တစ်ချောင်းဆွဲလိုက်ရင် ဟိုဘက်တစ်ချောင်းကကော ... (လဲပါတယ်ဘုရား)။

## တစ်ခန္ဓာပျက်ရင် ကျန်တဲ့လေးခန္ဓာပါပျက်တယ်

ဒီမှာလည်း တစ်ခန္ဓာပျက်ရင် လေးခန္ဓာရောပျက်တယ်ကွ ... (မှန်ပါ့)၊ တစ်ခန္ဓာပျက်ရင် ... (လေးခန္ဓာရော ပျက်ပါတယ် ဘုရား)။ ဒါကြောင့် ဘုရားက စိတ္တာနုပဿနာ တစ်လုံးတည်း ရှုလည်းပြီးပါတယ်လို့ ဟောတာ၊ ဝေဒနာ နုပဿနာ တစ်လုံးတည်း ရှုလည်း ... (ပြီးပါတယ်ဘုရား)။ ကျန်တဲ့လေးပါးက ပါပြီးသား ဖြစ်ဖြစ်သွားတယ် ... (မှန်ပါ့)။ သဘောကျပလား ... (ကျပါပြီ)။

## ဘဝင်စိတ်ကိုချန်၍ရှု

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့စိတ်သည် ပုထုဇဉ် သန္တာန်၌ ဘဝင်စိတ်ကို ချန်ပါ ... (မှန်ပါ့)၊ လေးဆယ့်ငါးစိတ်ထက် ပိုမိုမရှိဘူး။

ဒါကလေးပေါ်လာတိုင်းပေါ်လာတိုင်း ဒကာ၊ ဒကာမတို့ လှည့်ရှုပါ ... (မှန်လှပါဘုရား)။ လှည့်ရှုလိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် ကိုယ့်အသေကိုယ်မမြင်ပေဘူးလား ... (မြင်ပါတယ်)။ ဘာပြုလို့တုန်း "ကေ်စိတ္တသမာယုတ္တာ" စိတ် တစ်ခုတည်းနဲ့ အသက်ရှင်တယ် ... (မှန်ပါ့ဘုရား)။

နောက်စိတ်မလာရင် သေတယ်။ အရင်စိတ်နဲ့ အသက်ရှင် တယ် ... (မှန်ပါ့)။ နောက်စိတ်မလာရင် ... (သေပါတယ်)၊ လူသေတွေ သွားကြည့်ပါ။ ဒကာ၊ ဒကာမတို့ ဘယ့်နှယ်ကြောင့်

သေသွားပါလိမ့်မတုန်းဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ ... (နောက်စိတ်မလာလို့ သေပါတယ်ဘုရား)။

ခင်ဗျားတို့ကို နောက်စိတ်လာမယ်လို့ နောက်စိတ်တွေက တာဝန်ခံထားသလား ... (မခံပါဘုရား)၊ မြန်မြန်လုပ်သေလိမ့်မယ် ... (မှန်ပါ့)၊ မြန်မြန်လုပ် သေသွားမှာ စိုးရိမ်ရတယ် ... (မှန်လှပါ)၊ သဘောကျပလား ... (ကျပါတယ်)။

တပည့်တော် အလုပ်ကလေးမပြတ်သေးလို့ ဦးသန်းမောင်ကြီးက ပြောချင်သေးသလား၊ မပြောနဲ့။

ပြောတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ကိုယ့်အကျိုးကိုယ်ယုတ်အောင် ပြောတဲ့စကား ... (မှန်ပါ့ဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီ)။

## ဆရာရင်း ဒကာရင်းတွေမို့ ပြောနေတာ

ဒါ ဆရာရင်း ဒကာရင်းတွေမို့ ပြောတာနော်။ ကိုယ့်အကျိုးယုတ်အောင် ဆင်ခြေလဲနေတဲ့စကားကို နားကိုမထောင်ကြနဲ့ ... (မှန်ပါ့ဘုရား)။ ခင်ဗျားတို့မှာ အတွင်းရန်သူက သိပ်ကြီးတယ် ... (မှန်ပါ့)၊ မကြီးဘူးလား ... (ကြီးပါတယ်ဘုရား)။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ သစ္စာမသိရင် နိဗ္ဗာန်မမြင်ဘူးဆိုတော့ ဖြစ်ပျက်ဆိုတဲ့ ဥစ္စာက ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ ... (မှန်ပါ့ဘုရား)။ ဖြစ်ပျက်ဆိုတာ ဘာတုန်း ... (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါဘုရား)။

ဖြစ်တာလည်း ဒုက္ခပဲ ... (ဒုက္ခပါဘုရား)။

ပျက်တာကော ... (ဒုက္ခပါဘုရား)။

သူ့ဘာသစ္စာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီဖြစ်ပျက်မှုကို မြင်တာက ဘာသစ္စာတုန်း ... (မဂ္ဂသစ္စာပါ ဘုရား)၊ ကဲ ... သခင်ဝတင် မမြင်သေးဘူးလား ... (မြင်ပါပြီ ဘုရား)၊ ဒုက္ခသစ္စာ တစ်ခြားရှာရတာလား၊ ကိုယ့်စိတ်ကိုယ် ကြည့်လိုက်တာနဲ့ သိတာလား ... (ကိုယ့်စိတ်ကိုယ် ကြည့်တာနဲ့ သိပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်က ဒုက္ခသစ္စာ ... (မှန်ပါ့ဘုရား)၊

ကိုယ်သိတာက ... (မဂ္ဂသစ္စာပါဘုရား)၊

သေတာက ... (သမုဒယသစ္စာပါဘုရား)၊

နောက်ခန္ဓာမလာတာက ... (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုက်တော့ ဒကာ၊ ဒကာမတို့ သစ္စာကို ဆိုက်ပြီ ... (မှန်ပါ့)။ သစ္စာဆိုရင် ခင်ဗျားတို့ ဘာမှမပူနဲ့ ... (မှန်လှပါ)။

## ဝိပဿနာဆိုတာသစ္စာမြင်အောင်ကြည့်တဲ့အလုပ်

ဒါဖြင့် ဝိပဿနာအလုပ်၊ ဝိပဿနာအလုပ်ဆိုတာ သေသေချာချာမှတ်ပါ။ သစ္စာမြင်အောင် ကြည့်တဲ့အလုပ် ... (မှန်လှပါ)။

အနိစ္စလည်း သစ္စာမြင်အောင် ကြည့်တာပဲ ... (မှန်ပါ)။

ဒုက္ခကကော ... (သစ္စာမြင်အောင်ကြည့်တာပါ)။

အနတ္တကကော ... (သစ္စာမြင်အောင်ကြည့်တာပါ)။

အသုဘကကော ... (သစ္စာမြင်အောင်ကြည့်တာပါ)။

သစ္စာမြင်အောင်ကြည့်တော့ ခု ဘုန်းကြီးကတော့ အဲဒါတွေ ရှည်လှတယ်ကွာ။ သစ္စာပဲ အဓိကထားပါတော့မယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

## သစ္စာလေးချက်တစ်ပြိုင်နက်ထင်တဲ့နည်းလာပေးနေတာ

ဒါဖြင့် ခင်ဗျားတို့ သန္တာန်ပေါ်တဲ့စိတ်ကလေး ရှုချင်စိတ်ကလေးပေါ်လာပြီ၊ ဘာသစ္စာပေါ်လာတုန်း ... (ဒုက္ခသစ္စာပါဘုရား)။ ဒုက္ခသစ္စာပေါ်လာတယ် ... (မှန်ပါ)။ အဲဒီ ရှုချင်တဲ့စိတ်ကလေး ရှိ၊ မရှိ အကဲခတ်စမ်းဟေ့ ... မောင်ထွန်းရင် ... (မရှိပါဘုရား)၊ မရှိတာကို သိတယ်။

မရှိတာက ဒုက္ခသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။

သိတာက ... (မဂ္ဂသစ္စာပါဘုရား)။

သေတာက ... (သမုဒယသစ္စာ)။

နောင်ခန္ဓာမလာတာက ... (နိရောဓသစ္စာ)။

ဒီခန္ဓာလာသေးရဲ့လား ... နံပါတ် ၄ လာသေးရဲ့လား ... (မလာပါဘုရား)။

(ကြုံနေရာတွင် စက်ဝိုင်းကိုပြ၍မေးသည်)။

ဒီသမုဒယသေခဲ့ပြီပဲ ... (မှန်ပါ့)။ ၄ နံပါတ် လာနိုင်သေးရဲ့လား ... (မလာတော့ပါဘုရား)။ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဩော် ... တို့ဆရာဘုန်းကြီးလာပြီး ဘာတွေဆုံးမနေပါလိမ့် မတုန်းမေးတော့ သစ္စာလေးချက် တစ်ပြိုင်နက်ထင်တဲ့နည်းလာပြီး ဆုံးမနေတယ် ... (မှန်လှပါဘုရား)။ သစ္စာလေးချက် ... (တစ်ပြိုင်နက်ထင်တဲ့နည်းပါဘုရား)။

သစ္စာလေးချက်ကို တစ်ပြိုင်နက်ထင်မှ နိဗ္ဗာန်ရမယ် ... (မှန်ပါ့)၊ တစ်ပြိုင်တည်းဆိုတော့ ဒကာ၊ ဒကာမတို့ ... တစ်ပြိုင်နက်ဆိုတာ အလွယ်ကလေးပါ ... (မှန်ပါ့)၊

## မီးထွန်းတဲ့ဥပမာ

မီးတစ်ခုကိုထွန်းပါ ... (မှန်ပါ့)၊ ထွန်းလိုက်တဲ့အခါကျတော့ နဂိုကမှောင်နေတာ အမှောင်ဖျောက်တာလည်း မီးပဲ ... (မှန်ပါ့)။

အလင်းပေးတာကော ... (မီးပါပဲ)။ ဒီအထဲက ပစ္စည်းတွေ မြင်အောင်ပြတာကော ... (မီးပါပဲဘုရား)၊ မီးပဲဆိုတော့ မီးသည်ကားလို့ဆိုရင် ဒကာ၊ ဒကာမတို့ အမှောင်ကိုလည်း ဖျောက်တယ် ... (မှန်ပါ့)၊ အလင်းကိုလည်း ... (ပေးပါတယ်)၊ ပစ္စည်းနဲ့တူတဲ့ နိဗ္ဗာန်ပြတာလည်း ဒီဟာပဲ၊ ဒီမီးပဲ ... (မှန်လှပါ)။

ဒါဖြင့် ဒီမီးသည် ဒကာ၊ ဒကာမတို့ အမှောင်ကို ဖျောက်တယ်။ အလင်းကိုပေးတယ်။ ပစ္စည်းကိုပြတယ်။ ဆီကို ကုန်စေတယ်

... (မှန်ပါ့)။ သမုဒယသစ္စာလည်း ကုန်စေတယ် ... (ကုန်ပါတယ်)။ အဝိဇ္ဇာအမှောင်ကြီးလည်း ပျောက်စေတယ် ... (မှန်လှပါဘုရား)။ မဂ္ဂင်အလင်းကြီးကလည်း ပေးတယ် ... (ပေးပါတယ်)။ နိရောဓ သစ္စာဆိုတဲ့ ဟိုနေရာဘာအထုပ်ရှိတယ်ဆိုတာလည်း မဂ္ဂင်ကပြတယ် ... (မှန်ပါ့)၊ မပြဘူးလား ... (ပြပါတယ်ဘုရား)။

ဒါဖြင့် ဒီလေးချက်က တစ်ပြိုင်နက် မဟုတ်လား ... (ဟုတ်ပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ...၊ ဥပမာ စားချင်တဲ့ စိတ်ကလေးဟာ ဒကာ၊ ဒကာမတို့ ပေါ်လာပြီးရင် အကဲခတ်၊ ရှိသေးရဲ့လား ... (မရှိပါဘုရား)။

မရှိတာက ဘာတုန်း ... (အနိစ္စပါဘုရား)။

သိတာက ... (မဂ္ဂပါဘုရား)။

သေတာက ... (သမုဒယပါဘုရား)။

အင်း ... နောက်ဒုက္ခမလာတာက ... (နိရောဓပါဘုရား)။

## ဖြစ်ပျက်ရှုလိုက်တာနဲ့ လေးချက်ပေါ်တာပဲ

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်ရှုလိုက်တာနဲ့ လေးချက်ပေါ်တာပဲ ... (မှန်ပါ့)၊ ဖြစ်ပျက်ရှုလိုက်တာနဲ့ ... (လေးချက်ပေါ်တာပါ)။

ဒုက္ခသစ္စာသိတာလည်း မဂ် ... (မှန်ပါ့)၊

သမုဒယသစ္စာသတ်တာလည်း ... (မဂ်ပါဘုရား)။

နောက်ဒုက္ခမလာအောင် တားမြစ်တာလည်း ... (မင်္ဂပါ)။

ဒါဖြင့် ပွားများတာကော ... (မင်္ဂပါ)၊ သူတစ်ခုတည်း အလုပ်လုပ်သွားတယ် ... (မှန်လှပါဘုရား)၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ အများက အလုပ်,လုပ်တာလား၊ မဂ်တစ်ကြိမ်တည်းက အလုပ်လုပ်တာလား ... (မဂ်တစ်ကြိမ်တည်းက အလုပ်လုပ်တာပါဘုရား)။ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)။ ကိုင်း ... နာရီကစေ့သွားပြီ တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု